

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီး
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁။ ရန်ကုန်မြို့တော်သည် ရွှေတိဂုံစေတီတော်သမိုင်းအထောက်အထားအရ သာသနာသက္ကရာဇ်(၂၅၀၀) မတိုင်မီကပင် ဥက္ကလာပမြို့အမည်ဖြင့် တည်ရှိခဲ့ သည်။ မွန်ရာဇဝင်အရ ခရစ်နှစ်(၁၁) ရာစုမှစတင်၍ ဒဂုံဟုခေါ်တွင်ခဲ့ပြီး၊ အလောင်းဘုရား လက်ထက် မြန်မာသက္ကရာဇ် ၁၁၁၇ ခုနှစ် (ခရစ်နှစ် ၁၇၅၅) ကဆုန်လပြည့်ကျော် (၇)ရက် ကြာသပတေးနေ့တွင် ဒဂုံမှ ရန်ကုန်ဟု ခေါ်ဝေါ် သမုတ်ခဲ့သည်။



၂။ ရန်ကုန်မြို့သည် ပုဂံမင်းလက်ထက် ခရစ်နှစ် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ (၂၀) ရက်နေ့တွင်အင်္ဂလိပ်ကိုလိုနီနယ်ဖြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရမှ Town Magistrate ခေါ် မြို့ဝန်တစ်ဦး ခန့်အပ်ပြီး ရန်ကုန်မြို့ပြအုပ်ချုပ်ရေးကို စတင်ခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ရန်ကုန်မြို့တော် ပထမမြူနီစပယ်အက်ဥပဒေကို ပြဋ္ဌာန်းပြီး ၎င်းအက် ဥပဒေအရ အဖွဲ့ဝင် (၃၂)ဦး ပါဝင်သည့် အဖွဲ့ဖြင့် မြို့တော်စည်ပင်သာယာရေး (Municipal) လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၃။ ၁၉၂၂ ခုနှစ် ရောက်သောအခါ အသုံးပြုနေဆဲဖြစ်သည့် ရန်ကုန်မြို့တော်မြူနီစပါယ် အက်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီး အဆိုပါအက်ဥပဒေအရ ယခင်မြူနီ စပါယ်အဖွဲ့ဝင်လူကြီးများကို လူမျိုးစုအလိုက် ရွေးချယ်တင်မြှောက်ပြီး မြို့တော် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းအဖွဲ့ကို မြူနီစပါယ် ကော်ပိုရေးရှင်းဟုလည်း ခေါ်ဝေါ်ခဲ့သည်။

၄။ ၎င်းသို့ဖြင့် ခေတ်အဆက်ဆက် ရန်ကုန်မြို့တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ၁၉၇၂ ခုနှစ်တွင် ယခင်မြူနီစပါယ်အဖွဲ့ကို မြူနီစပါယ်ကော်မတီအဖြစ် ရန်ကုန်တိုင်း လုံခြုံရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကိုယ်စားလှယ်များ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၅။ ၁၉၇၄ ခုနှစ် မတ်လ ၂၅ရက်နေ့တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာဖြင့် ရန်ကုန်မြို့တော်မြူနီစပါယ်ကော်မတီကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ဟု အစားထိုးခေါ်ဝေါ်စေပြီး၊ ၁၉၇၇ ခုနှစ် ပြည်သူ့ လွှတ်တော် ဥပဒေအမှတ် (၁၃)၊ ပုဒ်မ (၃၉)အရ ရန်ကုန်တိုင်းပြည်သူ့ကောင်စီ ဥက္ကဋ္ဌမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ ဥက္ကဋ္ဌ(မြို့တော်ဝန်)အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၆။ ၁၉၈၄ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် စည်ပင်သာယာရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယင်းဥပဒေအခန်း(၂)ဖွဲ့စည်းခြင်း၊ ပုဒ်မ(၃)ပါ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ နိုင်ငံတော်ကောင်စီသည် အမိန့် ကြော်ငြာစာအမှတ် (၃၈/၈၅)ကို (၁၉၈၅)ခု မတ် လ (၁၂)ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြော်ငြာခဲ့သည်။ ယင်းအမိန့် ကြော်ငြာစာ

အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဖြစ် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက သီးခြားကော်မတီအဆင့် သတ်မှတ်ပေးခဲ့သည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တာဝန်ယူသည့် ၁၉၈၈ နောက်ပိုင်းတွင် ရန်ကုန်မြို့တော်၏ တိုးတက်ပြောင်းလဲလာသော အခြေအနေအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၀ ဖြင့် ကော်မတီဝင် (၇)ဦးမှ (၁၅)ဦးအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ကော်မတီရုံးနှင့်မူလဌာနကြီး (၁၅)ခု မှ (၁၈)ခုအထိ တိုးချဲ့ဖွဲ့စည်းပေး ခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ၏(၂၈–၁၂–၁၉၉၈) ရက်နေ့၌ ကျင်းပသော အစည်းအဝေး အမှတ်စဉ်(၃/၉၈)အရ ကော်မတီရုံးနှင့်ဌာန(၁၉)ခု၊ ထုတ်လုပ်ရေးလုပ်ငန်းစု(၁)ခုအထိ တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၂–၂–၂၀၀၁)ရက်နေ့၌ ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၉/၂၀၀၁) အရ ကော်မတီရုံးနှင့်ဌာန(၂၀)ခုအထိ တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။

၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (Yangon City Development Committe) သည် စည်ပင်သာယာရေးနယ်နိမိတ်ဧရိယာ စုစုပေါင်း ၃၀၆.၇၃ စတုရန်းမိုင် အတွင်း အာဏာသက်ရောက်ပါသည်။ မြို့တော်ကိုမြို့တော်အင်္ဂါရပ်နှင့်ညီအောင်တည် ဆောက်ခြင်း၊ မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မြို့တော်နေပြည်သူ များ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ် ကင်းစွာသွားလာနိုင်ရေး၊ ပျော်ရွှင်ချမ်းမြေ့စွာ အပမ်းဖြေနိုင်ရေးအစရှိသည့် ရန်ကုန်မြို့ တော်အတွင်း စည်ပင်သာယာဖွံ့ဖြိုးရေးနှင့် အများ ပြည်သူများအား လူမှုရေးအရ အကျိုးပြုစေမည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် အောက်ပါလုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စုစုပေါင်းလူဦးရေ (၅.၁၄) သန်း ခန့်နေထိုင် လျက်ရှိပါသည်။

## လုပ်ငန်းတာဝန်များ

၉။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်–



(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့ပြစီမံကိန်း များ ရေးဆွဲခြင်း၊ မြို့သစ်များတည်ထောင်ခြင်း။

(ခ ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေများကို စီမံ ခန့်ခွဲခြင်း။

(ဂ ) ရန်ကုန်မြို့တော်တွင် သင့်တင့်လျောက်ပတ်စွာ အခြေချနေထိုင်သင့် သည့် လူဦးရေကိုသာ နေထိုင်ခွင့်ပြုရန် သတ်မှတ်ခြင်း။

(ဃ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက် သိမ်းခြင်း။

(င ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော် ရပ်ကွက်များ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်း။

(စ ) လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ ယင်းတို့ကို ပြင်ဆင်ထိန်း သိမ်းခြင်း။

(ဆ) ယာဉ်နှင့် အနေးယာဉ်များသွားလာခြင်း၊ ရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း။

(ဇ ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း။

(ဈ ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ည) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဋ ) ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်း သိမ်းခြင်း။

(ဌ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဍ ) ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဎ ) ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း။

(ဏ) လမ်းဘေးဈေးဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း။

(တ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ အထက်ပါလုပ်ငန်းဆောင်တာများကို လုပ်ကိုင်အကောင်အထည်ဖော်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါဌာနများဖြင့် ဖွဲ့စည်းထားပါသည်–

(က) ကော်မတီရုံး
(ခ ) ထုတ်လုပ်ရေးဌာန
(ဂ ) စီမံရေးရာဌာန
(ဃ) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန
(င ) စစ်ဆေးရေးဌာန
(စ ) ညှိနှိုင်းဆောင်ရွက်ရေးဌာန
(ဆ) ရာပြတ်ဌာန
(ဇ ) အခွန်ဌာန
(ဈ ) ဈေးများဌာန
(ည) တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
(ဋ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန
(ဌ ) အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)
(ဍ ) အင်ဂျင်နီယာဌာန(အဆောက်အအုံ)
(ဎ ) အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)
(ဏ) စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(တ) ဗဟိုပစ္စည်းထိန်းဌာန
(ထ) ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
(ဒ ) ကျန်းမာရေးဌာန
(ဓ ) လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန
(န ) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
(ပ ) ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန



## ထုတ်လုပ်ရေးဌာန

၁။ ၁၉၉၉ခုနှစ်တွင် အောက်ပါရည်ရွယ်ချက်များဖြင့်စတင်ဖွဲ့စည်းခဲ့ပါသည်–

(က) ရေနက်ကွင်းဒေသနှင့် မြေလွတ်မြေရိုင်းများအား နိုင်ငံတော် အကျိုးပြု လယ်ယာမြေများ၊ ငါးကန်များဖော်ထုတ်ရန်။

(ခ ) ရန်ကုန်မြို့တော်သူ ၊ မြို့တော်သားများ စားသုံးရန်အတွက် လတ်ဆတ် သောဆန်စပါး၊ သား၊ ငါး၊ ကြက်ဥ၊ ကြက်သား၊ ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်ဖြန့်ဖြူးပေးရန်။

(ဂ ) မြို့တော်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သော အုတ်နှင့်ဘိလပ် မြေများထုတ်လုပ်ပေးရန်။

### ထုတ်လုပ်ရေးစခန်းများ

၂။ ၁၉၉၉ခုနှစ်မှ ၂၀၀၇အတွင်း စိုက်ပျိုးမွေးမြူရေးစခန်းပေါင်း (၁၃)ခုအပြင် အုတ် စက်ရုံတစ်ခုနှင့်ဘိလပ်မြေစက်ရုံတစ်ခုတို့ကိုတည်ဆောက်ခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေးစခန်း (ကြက်ဆူစိုက်ခင်းအပါအဝင်) အားလုံး၏ စုစုပေါင်းအကျယ်အဝန်းမှာ (၁၆၂၃၄.၀၅၈)ကေဖြစ်ပါသည်။ အုတ်စက်ရုံအကျယ်အဝန်းမှာ (၂၃၂.၀၅)ကေဖြစ်ပြီး ဘိလပ်မြေစက်ရုံအကျယ်အဝန်းမှာ (၁၄၄၂.၀၀)ကေ ဖြစ်ပါသည်။

### လုပ်ငန်းများ

၃။ (က) **စိုက်ပျိုးရေးလုပ်ငန်း**။ စပါးစိုက်ပျိုးရေးလုပ်ငန်းများကို ဥတို၊ ကြာအင်း၊ အင်းတွင်းကြီး၊ ဓီးကုန်း၊ တွံတေးစခန်းများတွင်လုပ်ကိုင် လျှက်ရှိပါသည်။ မိုးစပါးစိုက်ဧကစုစုပေါင်း (၂၃၂၆) ဧကဖြစ်ပြီး၊ နွေစပါးစိုက်ဧက (၄၃၅)ဧကဖြစ်ပါသည်။

(ခ ) **ငါးမွေးမြူရေးလုပ်ငန်း။** တွံတေးစခန်း၊ မအူပင်စခန်း၊ ဥတိုစခန်းနှင့် မစိုစခန်းတို့တွင်ဆောင် ရွက်လျက်ရှိပါသည်။ ငါးမွေးမြူရေး ကန်ဧရိယာ စုစုပေါင်း (၃၅၀၅.၅၅)ဧက ဖြစ်ပါသည်။

(ဂ ) **ပုဇွန်မွေးမြူရေးလုပ်ငန်း။** ကျောက်တန်းမြို့နယ်၊ သီလဝါစခန်း နှင့် အောင်ချမ်းသာစခန်း တို့တွင် ရေငန်ပုဇွန်မွေးမြူရေး လုပ်ငန်းများကိုဆောင် ရွက်ပါသည်။ မွေးမြူရေးကန်ဧရိယာ (၂၀၀)ဧကဖြစ်ပါသည်။

(ဃ) **ကြက်မွေးမြူရေးလုပ်ငန်း။** ကြက်မွေးမြူရေးလုပ်ငန်းကို ထောက်ကြန့်၊ ပျဉ်းမပင်၊ ပုလဲ၊ ဥတို နှင့် မစိုစခန်းများတွင်ဆောင်ရွက်ပါသည်။

(င ) **ဆန်စက်လုပ်ငန်း။** ဥတိုစခန်းတွင် (၂၅)တန်ကျ ဆန်စက် (၂) လုံး၊ မအူပင်စခန်းတွင် (၁၀)တန်ကျဆန်စက်တစ်လုံး၊အောင်ချမ်း သာစခန်း တွင် (၃)တန်ကျဆန်စက် (၁)လုံးဖြင့် ဆန်ကြိတ်ခွဲခြင်း လုပ်ငန်းလုပ်ကိုင် ပါသည်။

(စ) **အစာစပ်လုပ်ငန်း။** ဌာနတွင်းမွေးမြူသော ကြက်၊ဝက်၊ငါးများ အတွက် အစာစပ်စက်ရုံ တစ်ခုကို မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်တွင်ထားရှိပြီး လိုအပ် သော တိရစ္ဆာန်အစာများကို ထုတ်လုပ်ပါသည်။

(ဆ) **အုတ်စက်ရုံ။** မှော်ဘီမြို့နယ်တွင်ရှိပြီး ၁၇-၁-၂၀၀၉ရက်နေ့တွင် အမှတ် (၁)စက်မှု ဝန်ကြီးဌာနမှ လွှဲပြောင်းရယူပါသည်။ တစ်နေ့လျှင် အုတ်ပျမ်းမျှ (၃၂၃၇၅) ချပ်ထုတ်လုပ်ပါသည်။



(ဇ) **ဘီလပ်မြေစက်ရုံ။** ၂၀၀၇ခုနှစ်တွင် စတင်တည်ထောင်ပြီး (၂၉-၄-၂၀၁၀) ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ ရင်းနှီးမတည်ငွေကျပ် (၃၃၈၂၈.၁၉)သန်း ဖြစ်ပြီး တစ်နေ့လျှင် ဘီလပ်မြေတန်(၅၀၀)ကျ စက်ရုံဖြစ်ပါသည်။





(ဈ) **အအေးခန်းနှင့်ထုတ်ပိုးစက်ရုံ။** လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဖြန့်ဖြူးရောင်းချနိုင်ရန်အအေးခန်းနှင့် ထုတ်ပိုးစက်ရုံကို အင်းစိန်မြို့နယ်၊ ဗဟိုလမ်းတွင် ဆောက်လုပ်ထားပါသည်။

(ည) **ဂေါက်ကွင်းနှင့်ဟိုတယ်လုပ်ငန်း။** ဥတိုစခန်းတွင် ဥတိုဟိုတယ်၊ဂေါက် ကွင်းနှင့်အပန်းဖြေစခန်းကိုထား ရှိပါသည်။

၄။ **ငါးမွေးမြူရေးလုပ်ငန်း**

ဤလုပ်ငန်းကို တွံတေးစခန်း၊ မအူပင်စခန်း၊ ဥတိုစခန်း၊ မစိုစခန်း တို့တွင် ဆောင်ရွက်လျှက်ရှိပါသည်။ လက်ရှိတွင် ပြင်ပငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ ငါးကန်များအားငှားရမ်းပြီး မွေးမြူစေလျှက်ရှိပါသည်။

၅။ **ငါးကန်မွေးမြူရေးလုပ်ငန်း**

**ကျပ်(သိန်း)**

| စဉ် | စခန်းအမည် | မွေးမြူရေးကန် အရေအတွက် | မွေးမြူရေးကန် အကျယ်အဝန်းဧက | ငှားရမ်းသည့်ကန် အကျယ်အဝန်း | ရရှိမည့်ငှားရမ်းခ ဝင်ငွေ |
|---|---|---|---|---|---|
| ၁ | ဥတို | ၆၁ | ၃၅၃.၇၈ | ၅၂ | ၁၆၈.၃၆ |
| ၂ | ကြာအင်း | ၃၁ | ၃၇၃.၅၀ | ၃၁ | ၁၃၃.၄၂ |
| | | | ၃၂၀.၀၀ | | ၇၂.၀၀ |
| ၃ | တွံတေး | ၂၄၇ | ၁၁၆၁.၀၆ | ၂၂၈ | ၅၆၅.၄၈ |
| ၄ | မအူပင် | ၁၀၅ | ၈၃၉.၀၀ | ၁၀၅ | ၇၅၀.၀၀ |
| ၅ | မစို | ၁၀ | ၇၀.၂၁ | ၁၀ | ၈၉.၂၀ |
| ၆ | မ/ဥက္ကလာ | စခန်းပြောင်းရွှေ့ | | | |
| ၇ | ဇီးကုန်း | ၁၀ | ၉၀.၀၀ | ၁၀ | ၁၆.၀၀ |
| ၈ | ကျောက်တန်း | ၂၄ | ၄၈.၀၀ | ၄၈ | ၇၀.၀၀ |
| ၉ | အောင်ချမ်းသာ | ၁၃ | ၂၅၀.၀၀ | ၂၅၀ | ၄၅.၀၀ |

၆။ **ကြက်မွေးမြူရေးလုပ်ငန်း**

ကြက်ခြံများတွင်လစဉ်ပျမ်းမျှမွေးမြူကောင်ရေနှင့် ထုတ်လုပ်မှု

| စဉ် | စခန်းအမည် | ဥစားကြက် ကောင်ရေ | လစဉ်ဥထုတ် လုပ်မှုလုံး | အသားစား ကောင်ရေ | လစဉ်ထုတ်လုပ်မှု | |
|---|---|---|---|---|---|---|
| | | | | | ဥစားပိဿာ | အသားစားပိဿာ |
| ၁ | ထောက်ကြန့် | ၂၆၁၉၅ | ၃၆၈၀၃၅ | – | **၂၅၃.၇၅** | – |
| ၂ | ဥတို | ၃၀၀၀ | – | ၂၄၅၀၀ | – | **၁၂၅၀၀** |
| ၃ | မစို | – | ၈၂၈၅ | ၁၂၃၆ | **၁၀၃၈** | **၉၆၀၀** |
| | **စုစုပေါင်း** | **၂၉၁၉၅** | **၃၇၆၃၂၀** | **၂၅၇၃၆** | **၁၂၉၁.၇၅** | **၂၂၁၀၀** |



၇။ **အခြားဆက်စပ်လုပ်ငန်းများ**

(က) **အစာစပ်စက်ရုံ**

ထုတ်လုပ်ရေးဌာနတွင် မွေးမြူသောကြက်၊ဝက်နှင့် ငါးများ အတွက်စပ်စာများထုတ်လုပ်ပေးရန် ရည်ရွယ်ပြီးဆောက်လုပ်ခဲ့ပါသည်။

လစဉ်ပျမ်းမျှထုတ်လုပ်မှု ၅၁၁၃၈ပိဿာ

ပျမ်းမျှဝင်ငွေ ၃၂၁.၅၄သိန်း

(ခ ) **ဆန်စက်လုပ်ငန်း**

(၁) ဥတိုစခန်း ၂၅တန်ကျဆန်စက်(၂)လုံး
လစဉ်ပျမ်းမျှကြိတ်ခွဲဆန် ၂၇၃၀တင်း
လစဉ်ပျမ်းမျှရရှိဝင်ငွေ ၁၀၁.၉၉သိန်း

(၂) မအူပင်စခန်း ၁၀တန်ကျဆန်စက် (၁)လုံး
လစဉ်ပျမ်းမျှရရှိဝင်ငွေ ၁.၁၂သိန်း

(၃) အောင်ချမ်းသာစခန်း ၃တန်ကျဆန်စက်(၁)လုံး
လစဉ်ပျမ်းမျှရရှိဝင်ငွေ ၀.၂၂သိန်း

၈။ **စက်ရုံ၊ အလုပ်ရုံများ**

(က) ဟင်းသီးဟင်းရွက်အအေးခန်းနှင့်သစ်သီးဝလံထုတ်ပိုး စက်ရုံ

လက်ရှိတွင်ဌာနအစီအစဉ်ဖြင့် လည်ပတ်ခြင်းမရှိဘဲ (၁–၈–၂၀၁၂) မှ (၃၁–၇–၂၀၁၃)အထိ(၁)နှစ်အတွက် ကျပ်(၃၆၀) သိန်းဖြင့် ငှါးရမ်းထားပါသည်။

(ခ ) **အုတ်စက်ရုံ**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ ရန်ကုန်ပြည်လမ်း (၃၄/၂)မိုင်တိုင်အနီးတွင်ရှိပါသည်။ (၁၇–၁–၂၀၀၉) ရက်နေ့တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနထံမှ ကျပ်၆၆၁.၅၄ သန်းဖြင့်လွှဲပြောင်းရယူခဲ့ပြီး၊ တစ်နေ့ လျှင်အုတ်ပျှမ်းမျှ(၃၂၃၇၅) ချပ်ထုတ်လုပ်လျှက်ရှိပါသည်။

(ဂ ) **ဘိလပ်မြေစက်ရုံ**

၂၀၀၇ခုနှစ်တွင်စတင်တည်ဆောက်ပြီး (၂၉–၄–၂၀၁၀) ရက်နေ့တွင်စတင်ဖွင့်လှစ်သည်၊ ရင်းနှီးမတည်ငွေကျပ်(၃၃၈၂၈.၁၉) သန်းဖြစ်ပြီး၊ တစ်နေ့လျှင်ဘိလပ်မြေတန် ၅၀ ကျ စက်ရုံဖြစ်ပါသည်။

၉။ **ဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်း**

ဥတိုဟိုတယ်နှင့် ဥတိုဂေါက်ကွင်းကို ၁–၄–၂၀၁၂ မှ ၃၁–၃–၂၀၁၃ ရက်ထိ တစ်နှစ်အတွက် ကျပ် (၁၂၀)သိန်းဖြင့် ငှားရမ်းထားပါသည်။

၁၀။ **လစဉ်ပျမ်းမျှငှားရမ်းခြင်းလုပ်ငန်း**

**ကျပ်(သိန်း)**

| **စခန်းအမည်** | **အရောင်းဆိုင် ငှားခ** | **မြေငှားခ** | **အဆောက်အဦး ငှားခ** | **စက်ယာဉ် ငှားခ** | **မှတ်ချက်** |
|---|---|---|---|---|---|
| ဥတို | ၀.၄၉ | ၀.၁၅ | – | ၆.၀၀ | |
| မအူပင် | ၆.၅၅ | – | – | – | |
| ထောက်ကြန့် | ၁.၁၃ | – | ၇.၅၀ | ၁.၅၀ | |
| ဈေးရောင်းယာဉ် | ၁.၂၉ | – | – | – | |
| ထုပ်ပိုး | | ၅.၅၀ | – | – | |
| တွံတေး | ၁.၂၀ | | | | |
| **စုစုပေါင်း** | **၁၀.၆၆** | **၅.၆၅** | **၇.၅၀** | **၇.၅၀** | |



၁၁။ **စခန်းအသီးသီး၏၂၀၁၂–၂၀၁၃ဘဏ္ဍာရေးနှစ်ဝင်ငွေလျာထားချက် ဖော်ပြချက်** 

**ကျပ်(သိန်း)**

| **စဉ်** | **စခန်းအမည်** | **၂၀၁၂–၂၀၁၃ လျာထားငွေ** | **(၁–၄–၂၀၁၂)မှ (၃၀–၆–၂၀၁၂)အထိ** |
|---|---|---|---|
| ၁ | ဥတို +ဗဟိုစံပြငါးဈေး | ၂၀၀၀.၀၀ | ၅၈၄.၃၂ |
| ၂ | ကြာအင်း | ၃၅၇.၀၀ | ၃၉.၃၈ |
| ၃ | ဓနိကုန်း | ၇၀.၀၀ | ၉.၆၉ |
| ၄ | အင်းတွင်းကြီး | ၄၅.၆၀ | ၃.၉၆ |
| ၅ | ထောက်ကြန့်၊ ပျဉ်းမပင် | ဘဏ္ဍာ | ၉၈၆.၉၀ |
| ၆ | မအူပင် | ၈၇.၄၂ | ၂၀.၆၇ |
| ၇ | တွံတေး | ၆၅၆.၀၀ | ၁၀၃.၃၄ |
| ၈ | မြောက်ဥက္ကလာ | ၁၉၉၅.၀၀ | ၂၁.၀၇ |
| ၉ | ကျောက်တန်း | ၅၅.၀၀ | ၂.၆၈ |
| ၁၀ | မစို | ၃၁၇.၀၀ | ၁၁၀.၅၃ |
| ၁၁ | အောင်ချမ်းသာ | ၅၀.၀၀ | ၀.၆၆ |
| ၁၂ | ရုံးချုပ် | ၁၀.၀၀ | ၃.၁၁ |
| ၁၃ | ကြက်ဆူ | | |
| ၁၄ | ထုပ်ပိုးစက်ရုံ | ၂၃၁.၀၀ | ၅၇.၀၀ |
| ၁၅ | အုတ်စက်ရုံ | ၁၀၀၀၀.၀၀ | ၂၀၄.၆၀ |
| ၁၆ | ဘိလပ်မြေစက်ရုံ | ၈၇၀၀၀.၀၀ | ၁၁၁၈.၅၇ |
| | **စုစုပေါင်း** | **၁၁၃၃၇၄.၀၂** | **၃၂၆၆.၄၈** |

## စီမံရေးရာဌာန

၁။ စီမံရေးရာဌာန၏ အဓိကလုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ပြင်ပဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ဌာနအကြီး အကဲအား တာဝန်ခံ၍ ကော်မတီ၏ ကိုယ်စားဆောင်ရွက်ခြင်း။

(ခ) ကော်မတီမှ ချမှတ်သည့် ညွှန် ကြားချက်များ၊ အမိန့်များကို ဝန်ထမ်းများ လိုက်နာစေရန် အတွက် ညွှန်ကြားဆောင်ရွက် ခြင်း။

(ဂ) ဝန်ထမ်းရေးရာကိစ္စများနှင့် ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများဆောင် ရွက်ခြင်း။

(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၉၉နှင့် အမိန့် အမှတ် ၁/၉၅ ကိုအရ အောက်ပါ လိုင်စင်များကို စိစစ်ခွင့်ပြုခြင်း နှင့် လိုင်စင်သက်တမ်းတိုးပေးရန် စိစစ် ဆောင်ရွက်ခြင်း–

(၁) အစားအသောက်ဆိုင်

(၂) လုပ်ငန်း (ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ သုံးစွဲရန် သို့မဟုတ် သုံးစွဲရန် အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ပုဂ္ဂလိကမော်တော်ယာဉ်အရောင်းပြခန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည်)

(၃) တည်းခိုခန်း

(၄) ဘော်ဒါဆောင်

(၅) ယာဉ်နှင့် လှည့်လည်ရောင်းချခြင်း

(၆) ယာယီဇာတ်ရုံ



၂။ ကော်မတီတစ်ရပ်လုံးရှိ အရာထမ်း၊ အမှုထမ်းများ၏ဝန်ထမ်းရေးရာ နှင့် ပတ်သက်သော ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူး၊ ဘွဲ့ထူးလက်မှတ်၊ ဆုတံဆိပ် များ ရရှိစေရန် အစီရင်ခံတင်ပြခြင်း။

၄။ ဝန်ထမ်းသင်တန်းကျောင်းတွင် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ကော်မတီအတွက်လိုအပ်သည့် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေး ဆောင် ရွက်ခြင်းနှင့် ပြည်တွင်းသင်တန်းများ စေလွှတ်ခြင်း။

၅။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရာပြတ်ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တို့က စည်းကြပ်သော မြေငှားရမ်းခ၊ ပစ္စည်းခွန်၊ သန့်ရှင်းရေးဆောင်ရွက်ခ၊ ရေဖိုး ရေခများကို ယင်းဌာနများက ပေးပို့သောအချက်အလက်များအရ ပေါင်းစည်းပြေစာများထုတ်ပြီး မြို့နယ်စည်ပင် သာယာ အုပ်ချုပ်ရေးမှူးရုံးများက ကောက်ခံနိုင်ရေးဆောင်ရွက်ခြင်းနှင့် အကြောင်း အမျိုးမျိုးကြောင့် ကောက်ခံမရ သောပေါင်း စည်းပြေစာများကို ဘဏ္ဍာရေးနှစ်အလိုက် စနစ်တကျ ပယ်ဖျက် နိုင်ရေး ဆောင်ရွက်ခြင်း။

၆။ မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့တော်သူ/မြို့တော်သားများမှ စည်ပင်သာယာ ရေးကော်မတီနှင့် သက်ဆိုင်သည့်စည်ပင်သာယာလုပ်ငန်းများအား သိရှိလိုလျှင်သော် လည်းကောင်း၊ အကူအညီတောင်းခံ လိုလျှင်သော်လည်းကောင်း စည်ပင်သာယာ ကိစ္စရပ်များကိုမေးမြန်း တိုင်ကြားလာပါက ဖြေရှင်းပေးသည့် လုပ်ငန်းများဆောင်ရွက် ခြင်း။ မြို့တော်နယ်နိမိတ်အတွင်း မြို့တော်သူ/ မြို့တော်သားများအား မြို့တော်အင်္ဂါရပ် နှင့်အညီ နေထိုင်ကြစေရန် စည်းရုံးခြင်း၊ စည်ပင်သာယာလုပ်ငန်းများအကြောင်း သိကောင်းစရာအဖြာဖြာကို ပြည်သူတို့ ကျယ်ပြန့်စွာသိရှိနားလည်စေရန် သတင်းပြန် ကြားခြင်း၊ သတင်းစာပါ ပြည်သူ့ထံမှပေးစာကဏ္ဍပါ စည်ပင်သာယာရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးသည့် လုပ်ငန်းဆောင်ရွက်ခြင်း။

၇။ ခရိုင်နှင့်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများအား ဖွင့်လှစ်၍ ကော်မတီကိုယ်စားစည်ပင်သာယာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။ မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ညွှန်ကြားခြင်း။ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများက တင်ပြလာသော အခက်အခဲများနှင့် လုပ်ငန်းများအား ဌာနများသို့ ဆက်သွယ်ဆောင်ရွက် ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ အကြီးအကဲများထံ တင်ပြခြင်း။

၈။ ကော်မတီနယ်နိမိတ်အတွင်းရှိ အနေးယာဉ်များနှင့်ပတ်သက်၍ စနစ်တကျရှိစေရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အနေးယာဉ်ဆိုင်ရာ နင်းသားလိုင်စင်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၉။ မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံး(စည်ပင်သာယာ) များ၊ မြို့နယ်ဥပဒေရုံး(စည်ပင်သာယာ)များဖွင့်လှစ်ခြင်း၊ ကြီးကြပ်ခြင်း။

၁၀။ ခရိုင်(၄)ခရိုင်အလိုက် ဘဏ္ဍာနှစ်ဆောင်ရွက်သည့် City Taxi မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများအား ကြီးကြပ်ပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၁၁။ လိုင်စင်များအား ခွင့်ပြုထုတ်ပေးရာတွင် ဆောင်ရွက်မည့်လုပ်ငန်း/ဆိုင်နေရာအနီးပတ်ဝန်းကျင်နေသူများ၏ (၁၀)ဦး သဘောတူလက်မှတ် ရေးထိုးပေးခြင်းနှင့် လိုအပ်ပါက လုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ ရုံးအဖွဲ့အစည်းတို့၏ သဘောထားမှတ်ချက်နှင့် ခွင့်ပြုမှုများပါရှိချက်ဖြင့် စိစစ် ခွင့်ပြုဆောင်ရွက်ပေးခြင်း။

၁၂။ ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်အား (၄)လိုင်စင်(သို့) ကိုယ်ပိုင်စီးပွားလိုင်စင်၊ ယာဉ်ပိုင်ရှင်စာအုပ်မိတ္တူတို့ကိုပါရှိချက်ဖြင့် ဆောင်ရွက်ပေးခြင်း။



# ဘတ်ဂျက်နှင့်ငွေစာရင်းဌာန

ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) နှစ်စဉ်ကော်မတီ၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ဌာန/ရုံးများမှ ရေးဆွဲတင်ပြလာသော သာမန်နှင့်ငွေလုံးငွေရင်းဝင်ငွေနှင့် အသုံးစရိတ်များကို အခြေခံ၍ စုစည်းရေးဆွဲပြီး ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ကော်မတီက အတည်ပြုပြီးသော ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း။

(ခ ) ရသုံးခန့်မှန်းခြေငွေစာရင်းတွင် သတ်မှတ်လျာထားသော ဝင်ငွေများအပြည့်အဝကောက်ခံရရှိရေးနှင့်အသုံးစရိတ်များ စိစစ်သုံးစွဲရေးကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုများ၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူခြင်း။

(ဂ ) နှစ်စဉ်နိုင်ငံခြားသုံးငွေများအတွက် ရသုံးမှန်းခြေစာရင်းများကိုသက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ပြုစုရေးဆွဲခြင်း၊ နိုင်ငံခြားသုံးငွေ အရ/ အသုံးဆိုင်ရာစာရင်းများထိန်းသိမ်းခြင်း၊ နိုင်ငံခြားသုံးငွေဖြင့်အသုံးစရိတ်များအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ နိုင်ငံခြားသုံးငွေခွင့်ပြုချက် (FE Permit) ရယူပြီးခွင့်ပြုချက်အရ စိစစ်ပေးချေရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ဃ) ကော်မတီလက်အောက်ရှိ ဌာန/ရုံးအသီးသီးမှပေးသွင်းသည့် နေ့စဉ်ရငွေစာရင်းများကို ဘဏ်စာရင်းဖြင့်စစ်ဆေးပြီး စာရင်းထိန်းသိမ်းခြင်း၊ကော်မတီသို့စိစစ်တင်ပြခြင်း။

(င ) ကော်မတီလက်အောက်ရှိ ဌာန/ရုံးအသီးသီးမှ တင်ပြတောင်းခံလာသည့် သာမန်အသုံးစရိတ်၊ ငွေလုံး ငွေရင်းတည်ဆောက်ရေး အသုံးစရိတ်များ၊ လုပ်အားခနှင့် အထွေထွေငွေတောင်းခံလွှာများ ကြိုတင်တောင်းခံလွှာများကို စိစစ်၍ဘဏ္ဍာရေးခွင့်ပြုချက် တင်ပြရယူခြင်း၊ ခွင့်ပြုချက်ရရှိသည်များကို စစ်ဆေးပေးရှင်းရန်ဆောင်ရွက်ခြင်း၊ လယ်ဂျာစာရင်းမှတ်တမ်းထိန်းသိမ်းခြင်း။

(စ ) ဌာန/ရုံးအသီးသီးက တင်ပြတောင်းခံသည့် ဝန်ထမ်းများ၏လစာ၊ ခရီးစရိတ်၊ အချိန်ပိုလုပ်အားခ၊ အငြိမ်းစားလစာ၊ လုပ်သက်ဆုငွေ၊ အငြိမ်းစားဝန်ထမ်းများ၏ လစဉ်အငြိမ်းစားလစာငွေစသည့် ဝန်ထမ်းဆိုင်ရာ ငွေကြေးကိစ္စရပ်များကို စိစစ်၍ဘဏ္ဍာရေး ခွင့်ပြုချက်တင်ပြရယူခြင်း၊ ခွင့်ပြုချက်အရ စစ်ဆေးပေးရှင်းရန်ဆောင်ရွက်ခြင်း။

(ဆ) ကော်မတီတစ်ရပ်လုံးရှိ ငွေကြေးသုံးစွဲမှုများ၊ ငွေကြေးနှင့်စာရင်းထိန်းသိမ်းမှုများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်စေရေးအတွက် အတွင်းစာရင်းစစ်အဖွဲ့များဖြင့် စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာများထုတ် ပြန်တင်ပြခြင်း၊ စာရင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများအပေါ် ပြန်ကြားချက်အခြေအနေများကို စိစစ်ခြင်း။



(ဇ ) ပြည်တွင်း/ပြည်ပ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ပစ္စည်းဝယ်ယူရောင်းချ ရေးအဖွဲ့သို့ စိစစ်တင်ပြခြင်းနှင့် ကော်မတီ၏ခွင့်ပြုချက် တင်ပြရယူရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပဝယ်ယူရေးလုပ်ငန်းများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဝယ်ယူနိုင်ရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ဈေးနှုန်းစိစစ်ခြင်းနှင့် ကော်မတီသို့စိစစ်တင်ပြဆောင်ရွက်ခြင်း။

(ဈ ) ခွင့်ပြုချက်ရရှိပြီးသည့် ပစ္စည်းဝယ်ယူရေးကိစ္စရပ်များအတွက် အမှာစာများ၊ စာချုပ်များပြုစုတင်ပြဆောင်ရွက်ခြင်း၊ ငွေတောင်းခံမှုများကို စိစစ်ပေးချေရန် တင်ပြဆောင်ရွက်ခြင်း။

(ည) အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ဝင်ငွေတစ်ရပ်ဖြစ်သော ဘီးခွန်ဝင်ငွေများကို တာဝန်ယူကောက်ခံပေးရန် ဘီးခွန်ဝင်ငွေလက်ခံစခန်းများကို (က၊ ည၊ န)ရုံးချုပ်နှင့် ပူးပေါင်းဖွင့်လှစ်ပြီးငွေလက်ခံခြင်း၊ ဘဏ်သို့ပေးသွင်းခြင်း။

(ဋ ) ရငွေသုံးငွေများနှင့် ပတ်သက်သည့်စာရင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ အပတ်စဉ်ရငွေ/သုံးငွေအခြေအနေများကိုကော်မတီ ဌာနမှူးအစည်းအဝေးသို့အစီရင်ခံတင်ပြခြင်း၊ လစဉ်လချုပ်စာရင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို ကော်မတီအစည်းအဝေးသို့ ပြုစုတင်ပြအတည်ပြုချက်ရယူခြင်း၊ နှစ်ချုပ်စာရင်းများ ပြုစုတင်ပြခြင်း။

(ဌ ) ဝင်ငွေတိုးတက်ရရှိစေရန်အတွက် ကော်မတီသို့ နည်းလမ်းများရှာဖွေတင်ပြအကြံပြုခြင်း။

(ဍ ) စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်အဖွဲ့များ၏ စာရင်းစစ်ဆေးမှုကိုခံယူခြင်းနှင့် စာရင်းစစ်အစီရင်ခံစာများကို ရှင်းလင်းပြန်ကြားခြင်း။

# စစ်ဆေးရေးဌာန

၁။ **ဌာန၏ လုပ်ငန်းတာဝန်များ–**

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများသည် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့်ဥပဒေများ၊ စည်ပင်သာယာအက်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ကော်မတီမှကောက်ခံလျက်ရှိသော ဘဏ္ဍာငွေများအပြည့်အဝကောက်ခံရရှိရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် လုပ်ငန်းများအလိုက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) ပစ္စည်းအလေအလွင့်၊ လုပ်အားအလေအလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက်စစ်ဆေးခြင်း၊

(ဃ) ဝန်ထမ်းများငွေကြေးမသမာမှု၊ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးအတွက် ပုံမှန်၊ ရှောင်တခင်နှင့် အထူးစစ်ဆေးခြင်း၊

| စစ်ဆေးရေးဌာန၏ ဖွဲ့စည်းပုံအရအင်အား | | | |
|---|---|---|---|
| | ဖွဲ့စည်းပုံ | လက်ရှိ | မှတ်ချက် |
| အရာရှိအဆင့် | | | |
| ဌာနမှူး | ၁ | ၁ | |
| ဒုတိယဌာနမှူး | ၁ | ၁ | |
| လက်ထောက်ဌာနမှူး | ၂ | ၂ | |
| ဌာနခွဲမှူး | ၅ | ၅ | |
| ဌာနစုမှူး | ၁၄ | ၁၂ | |
| အရာရှိစုစုပေါင်းအင်အား | ၂၃ | ၂၁ | |
| အခြားအဆင့် | ၁၇၇ | ၉၈ | |
| ဌာနအင်အားစုစုပေါင်း | ၂၀၀ | ၁၁၉ | |



၂။ **စစ်ဆေးရေးဌာန၏ လုပ်ငန်းခွဲ(၂)ခု–**

(က) အထွေထွေပိုင်းစစ်ဆေးခြင်း

(ခ) အင်ဂျင်နီယာလုပ်ငန်းများစစ်ဆေးခြင်း

၃။ **အထွေထွေပိုင်းစစ်ဆေးခြင်း၏ လုပ်ငန်းတာဝန်များ**

(က) ဌာနများမှဆောင်ရွက်လျက်ရှိသော စည်ပင်သာယာလုပ်ငန်းများသည် စည်ပင်သာယာအက်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့်ညီညွတ်မှု ရှိ/မရှိစစ်ဆေးခြင်း၊

(ခ) ဝန်ထမ်းများမှ ငွေကြေးမသမာမှုများ၊ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးအတွက် ရှောင်တခင်၊ ပုံမှန်နှင့်အထူးစစ်ဆေးရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာကော်မတီပိုင် ဝင်ငွေများ၊ ပစ္စည်းများနှင့်စာရင်းများကို အချိန်မရွေး ဝင်ရောက် စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှ ကောက်ခံပေးသွင်းလျက်ရှိသော ဝင်ငွေများစနစ်တကျ ပေးသွင်းမှုရှိစေရန်နှင့်ဝင်ငွေတိုးတက်ရရှိစေရန်အတွက် စံချိန်ယူစစ်ဆေးခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊

၄။ **အင်ဂျင်နီယာစစ်ဆေးရေး၏ လုပ်ငန်းတာဝန်များ–**

(က) အင်ဂျင်နီယာလုပ်ငန်းများ၏ စံချိန်စံညွှန်းအတိုင်းအတာ၊ အရွယ်အစားများကိုတိကျမှန်ကန်စေရေးအတွက် စစ်ဆေးတင်ပြနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ခ) ကျပ်(၁၅)သိန်းအထက်လုပ်ငန်းများနှင့် လုပ်ငန်းကော်မတီမှခွင့်ပြုချက် ရရှိထားသော ကျပ်(၂၅)သိန်းနှင့် အထက်လုပ်ငန်းများ၏ ခွင့်ပြုချက် မိတ္တူပေးပို့လာပါက လုပ်ငန်းကို စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊

(ဂ) ဌာနများမှခွင့်ပြုငွေ၏(၂၅)%အားထပ်မံ တောင်းခံထုတ်ယူနိုင်ရန်အတွက် စစ်ဆေးရေးဌာနမှ လုပ်ငန်း(၅၀)%ပြီးစီးကြောင်းစစ်ဆေး၍ ထောက်ခံချက်ထုတ်ပေးခြင်း၊

(ဃ) ညှိနှိုင်းဆောင်ရွက်ရေးဌာနမှ ပေးပို့သော W.Oနှင့် သက်ဆိုင်ရာဌာနမှ လုပ်ငန်း (၁၀၀)%ပြီးစီးကြောင်း တင်ပြလာပါက စစ်ဆေးရေးဌာနမှမြေပြင်တွင် စစ်ဆေး၍ လိုအပ်ပါကငွေနှင့် ပစ္စည်းများထပ်မံဖြတ်တောက်ပြီး ကော်မတီဝင်မှ တဆင့် ဥက္ကဋ္ဌ(မြို့တော်ဝန်)ထံတင်ပြ အတည်ပြုချက်ရယူခြင်း။

(င ) ဥက္ကဋ္ဌ(မြို့တော်ဝန်)မှ အတည်ပြုချက်လက်မှတ်ရေးထိုးပြီး စစ်ဆေးရေးဌာနမှ CC ထုတ်ပေးခြင်း။

(စ ) အရေးပေါ်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ရေးဌာနနှင့် ညှိနှိုင်းစစ်ဆေးပြီး ဆောင်ရွက်မည့် လုပ်ငန်းနှင့် ကုန်ကျမည့်ခန့်မှန်းတန်ဖိုးငွေများကို အမြန်ဆုံး သတင်းပို့တင်ပြခြင်း။

(ဆ) ပစ္စည်းအလေအလွင့်၊ အပျက်အစီးနှင့်လုပ်အားများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက်စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ခြင်း။

**၅။ ဌာနမှဆောင်ရွက်သောအခြားလုပ်ငန်းများ**

(က) ကော်မတီ၏မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊လမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်း တာဝန်များကို စီမံခန့်ခွဲခြင်း။

(ခ ) ဌာနများမှဆောင်ရွက်လျက်ရှိသော စည်ပင်သာယာလုပ်ငန်းများသည်နိုင်ငံတော် မှထုတ်ပြန်ထားသော ဥပဒေများနှင့်ညီညွတ်မှုရှိ/ မရှိစစ်ဆေးခြင်း။

(ဂ ) အခွန်ထမ်းပြည်သူလူထုအား စည်ပင်သာယာရေးဝန်ထမ်းများမှမိမိလုပ်ပိုင်ခွင့်အတွင်းမသမာသောနည်းဖြင့် လာဘ်ငွေရယူခြင်းများကို ကော်မတီသို့ လိုအပ်သလို အရေးယူနိုင်ရန်စစ်ဆေးတင်ပြခြင်း။



(ဃ) စည်ပင်သာယာဝန်ထမ်းများအား အခွန်ထမ်းပြည်သူလူထုမှ အရေးယူစေလိုသောသဘောဖြင့် လိမ်လည်တိုင်ကြားမှုများကို အမှုမှန်ဖော်ထုတ်စစ်ဆေး၍ မှန်ကန်မှုမရှိပါက စည်ပင်သာယာ ဝန်ထမ်းများအား ကာကွယ်ပေးခြင်း၊

(င ) ဝန်ထမ်းများစည်းကမ်းလိုက်နာစေရေးအတွက် ဌာနများနှင့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများသို့ ရုံးဝတ်စုံနှင့်ဝန်ထမ်းအင်အားကို ရှောင်တခင် စစ်ဆေးရန် စီမံဆောင်ရွက်ခြင်း၊

(စ ) ဌာနများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှ ကောက်ခံရသည့် ဘဏ္ဍာငွေများ အပြည့်အဝ ကောက်ခံရရှိရေးနှင့်ဘဏ္ဍာငွေများသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့်ကိုက်ညီမှုရှိ/ မရှိ စစ်ဆေးတင်ပြခြင်း၊

(ဆ) တိုင်စာ၊ ပစ်စာများနှင့်စပ်လျဉ်း၍ စစ်ဆေးရန်တာဝန်ပေးလာပါက အဖြစ်မှန်ဖော်ထုတ်၍ ကော်မတီသို့စစ်ဆေးတင်ပြခြင်း၊

(ဇ ) ဝန်ထမ်းများလာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) အထက်အကြီးအကဲမှသီးခြားတာဝန်ပေးညွှန်ကြားလာသော လုပ်ငန်းများအား အထူးစစ်အဖွဲ့ဖြင့် ဖွဲ့စည်း၍စစ်ဆေးခြင်းများကို စီမံဆောင်ရွက်ခြင်း၊

၆။ အင်ဂျင်နီယာလုပ်ငန်းများ စစ်ဆေးရာတွင် အောက်ဖော်ပြပါသက်ဆိုင်ရာလုပ်ငန်းများ၌ စစ်ဆေးရေးဌာနရှိဝန်ထမ်းများကို အမြဲတမ်းတာဝန်ချထားပြီးလုပ်ငန်းစံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ/ မရှိ၊ သုံးစွဲပစ္စည်းစာရင်း၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပါသည်–

(က) အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ

(၁) ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း

(၂) အင်းစိန်ပိုက်ထုတ်လုပ်ရေးစက်ရုံ

(ခ ) အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ

- (၁) ဒေါ်ပုံ AC စက်/ AG စက်
- (၂) ရွှေပြည်သာ AC စက်/ AG စက်
- (၃) မြောက်ဒဂုံ AC စက်/ AG စက်
- (၄) ABC AC စက်
- (၅) တောင်ဒဂုံ AG စက်
- (၆) လှိုင်သာယာ AG စက်
- (၇) တောင်ဥက္ကလာ AG စက်
- (၈) ငမိုးရိပ်တံတား(ပါရမီ)စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများ

(ဂ ) ထုတ်လုပ်ရေးဌာနမှ ပြည်ညောင်ဘိလပ်မြေစက်ရုံ စီမံကိန်း၊

(ဃ) လှိုင်မြို့နယ်သီရိမင်္ဂလာဈေးသစ်အတွင်းရှိ လုပ်ငန်းများ၊

(င ) ကမာရွတ်မြို့နယ်၊ ဆင်မလိုက်အဆင့်မြင့် ဈေးတည်ဆောက်ရေး လုပ်ငန်းများ၊

(စ ) စံပြငါးဈေးအသစ်တည်ဆောက်ခြင်းလုပ်ငန်း၊

(ဆ) နေပြည်တော်တွင် မြို့တော်စည်ပင်မှတာဝန်ယူလုပ်ဆောင်သော လုပ်ငန်းများ၊

၇။ AC စက်များမှရန်ကုန်တစ်မြို့လုံး လမ်းခင်း/လမ်းဖာ ဆောင်ရွက် နိုင်ရန် ကတ္တရာကွန်ကရစ်များ ထုတ်လုပ်ပေးလျက်ရှိပါသည်။

၈။ Batching Plant များမှရန်ကုန်တစ်မြို့လုံးရှိ လမ်းများအားအဆင့်မြင့် တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် RMC (Ready Mix Concrete) များထုတ်လုပ်ပေးလျက် ရှိပါသည်။



၉။ အင်းစိန်ပိုက်ထုတ်လုပ်ရေးစက်ရုံမှ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း များတွင် အသုံးပြုနိုင်ရန်အတွက်လိုအပ်သောကွန်ကရစ်ပိုက်အရွယ် အစားမျိုးစုံအား ထုတ်လုပ်ပေးလျက်ရှိရာ ထုတ်လုပ်နိုင်သည့်ပမာဏနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပါသည်။

၁၀။ ကော်မတီလက်အောက်ရှိ ဌာနအသီးသီးမှဆောင်ရွက်သောလုပ်ငန်း များ အား စစ်ဆေးရေးဌာနအနေဖြင့် ခရိုင်(၄)ခရိုင်ခွဲ၍ စစ်ဆေးဆောင်ရွက်လျက် ရှိပါသည်။

၁၁။ အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခွင့်တင်ပြရယူရာတွင် အောက်ပါ အတိုင်းလုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်–

- (က) သက်ဆိုင်ရာဌာနများက လုပ်ငန်းကော်မတီတွင်W.A နှင့် ဦးစီး ဇယား(၁၃)စုံ တင်ပြခြင်း၊
- (ခ ) မြို့တော်ဝန်က W.A တွင်အတည်ပြုလက်မှတ်ရေးထိုးခြင်း၊
- (ဂ ) ကော်မတီဝင်များက PAE ဖြင့် မြေပြင်လုပ်ငန်းများလိုက် လံစစ် ဆေးခြင်း၊
- (ဃ) ညှိနှိုင်းဆောင်ရွက်ရေးဌာနက PAE အား ပဏာမ စစ်ဆေးခဲ့ခြစ်၍ အတွင်းရေးမှူးက အတည်ပြုလက်မှတ်ရေးထိုးခြင်း၊
- (င ) သက်ဆိုင်ရာဌာနများက W.A နှင့် PAE အားမူရင်း၊
- (ဆ) ဘတ်ဂျက်နှင့်ငွေစာရင်းဌာနက W.O အားစစ်ဆေးပြီး အတွင်းရေး မှူး၏ FS ရယူ၍ သက်ဆိုင်ရာဌာနများသို့ ပြန်ပို့ခြင်း၊

(ဇ ) သက်ဆိုင်ရာဌာနများက W.A, PAE, W.O, FS နှင့်စစ်ဆေးရေးဌာန၏ ထောက်ခံချက်ပူးတွဲ၍ ကြားဖြတ်ငွေ(၅၀)%အထက်အား ထုတ်ယူခြင်း၊

(ဈ) သက်ဆိုင်ရာဌာနများက လုပ်ငန်းပြီးစီးကြောင်း စစ်ဆေးရေးဌာနသို့ အကြောင်းကြားခြင်း၊

(ည) စစ်ဆေးရေးဌာနက မြေပြင်တွင်စစ်ဆေးပြီး လိုအပ်ကငွေနှင့်ပစ္စည်းများ ထပ်မံဖြတ်တောက်၍ ကော်မတီဝင်ထောက်ခံချက်ဖြင့်ဦးစီး ဇယား(၁၃)စုံ ပြုစု၍ မြို့တော်ဝန်ထံ တင်ပြခြင်း၊

(ဋ ) မြို့တော်ဝန်က လုပ်ငန်းပြီးစီးကြောင်း C.C တွင်လက်မှတ်ရေးထိုးခြင်း၊

(ဌ ) ရုံးအဖွဲ့မှူးက မြို့တော်ဝန်(ကိုယ်စား) အုပ်ချုပ်မှုအတည်ပြုချက်(A.A) အားလက်မှတ်ထိုး၍ C.C နှင့်အတူ ဌာနများသို့ပေးပို့ခြင်း၊

(ဍ ) ဌာနများက W.A, PAE, W.O, F.S, C.C, A.A, M.B တို့ဖြင့် အပြီးသတ်ငွေထုတ်ယူခြင်း၊

၁၂။ စစ်ဆေးရေးဌာနသို့ လုပ်ငန်းပြီးစီးကြောင်း CC တောင်းခံရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် ပြည့်စုံစွာ တောင်းခံ ရမည် ဖြစ်ပါသည်-

(က) ညှိနှိုင်းဆောင်ရွက်ရေးဌာနမှ လုပ်ငန်းခွင့်ပြုချက် (W.O)

(ခ ) ညှိနှိုင်းဆောင်ရွက်ရေးဌာနမှ စီစစ်ပြီး (မှင်စိမ်းပါ) (PAE)

(ဂ ) ဌာနပစ္စည်းထုတ်ယူထားပါက ဗဟိုပစ္စည်းထိန်းဌာနမှ ကုန်ထုတ်ပေးပြေစာ (IV)မိတ္တူ

(ဃ) ကြိုတင်ငွေထုတ်ယူထားရှိမှုအထောက်အထား

(င ) လုပ်ငန်းပြီးစီးမှုမှတ်တမ်းဓါတ်ပုံများ



(စ ) လုပ်ငန်းနှင့်သက်ဆိုင်သော Drawing များ

(ဆ) ဆောင်ရွက်သည့်လုပ်ငန်းအလိုက် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ

၁၃။ အဆိုပါအထောက်အထားများပြည့်စုံပါက လုပ်ငန်းပြီး CC စစ်ရာတွင်မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းပြီးစီးကြောင်း အတည်ပြုချက်အား အထက်အကြီးအကဲအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူရသဖြင့် စာရွက်စာတမ်း အထောက်အထားများ၊ ဓါတ်ပုံမှတ်တမ်း အထောက်အထားများမှာ သပ်ရပ်၍ အဆင့်အတန်းရှိ၊ အမြင်တင့်တယ်ကောင်းမွန်ရန် လိုအပ်ပါသည်။

၁၄။ စစ်ဆေးရေးဌာန၏ အဖွဲ့ခွဲ(၂)ခုအနက် အထွေထွေစစ်ဆေးရေးအဖွဲ့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အခွန်ဝင်ငွေအရပ်ရပ်ကိုအသုံးပြု၍ ဆောင်ရွက်နေသောအင်ဂျင်နီယာလုပ်ငန်းများကိုလည်း အင်ဂျင်နီယာစစ်ဆေးရေးအဖွဲ့များဖြင့် ငွေကြေးများ အလေအလွင့်မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ မှန်ကန်စွာကောက်ခံရရှိနိုင်ရေးနှင့် အခွန်ဝင်ငွေသစ်များ ဖော်ထုတ်နိုင်ရေး တို့အတွက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီးရရှိလာသော အခွန်ဝင်ငွေအရပ်ရပ်ကို အသုံးပြု၍ဆောင်ရွက်နေသော အင်ဂျင်နီယာလုပ်ငန်းများကိုလည်း အင်ဂျင်နီယာ စစ်ဆေးရေးအဖွဲ့များဖြင့် ငွေကြေးများ အလေအလွင့်မရှိစေရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

## ညှိနှိုင်းဆောင်ရွက်ရေးဌာန

၁။ ညှိနှိုင်းဆောင်ရွက်ရေးဌာနတွင် အရာထမ်း(၂၁)ဦး၊ အမှုထမ်း(၁၁၉)ဦး၊ စုစုပေါင်း(၁၄၀)ဦးဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။ ဌာန၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကော်မတီလက်အောက်ရှိ ဌာနများက ဆောင်ရွက်မည့်လုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများက ပြုစုထားသော ခန့်မှန်းခြေစာရင်းတွင် ပါရှိသောလုပ်သားအင်အား၊ ပစ္စည်း၊စက်ယန္တရား၊ လုပ်ငန်းသုံးပစ္စည်းကိရိယာအစရှိသည်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ၊ မရှိ စိစစ်တင်ပြခြင်း။

(ခ ) ဌာနအသီးသီးက တင်ပြလာသော အင်ဂျင်နီယာဒီဇိုင်းပုံစံများအား သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်တင်ပြခြင်း။

(ဂ ) ကော်မတီလက်အောက်ရှိ ဌာနများကသော်လည်းကောင်း၊ ကော်မတီနှင့်ပြင်ပပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတို့ အကျိုးတူပူးပေါင်း၍ သော်လည်းကောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများ အရည်အသွေး ကောင်းမွန်စေရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် စံချိန်စံညွှန်းများ ကိုက်ညီစေရန် သုတေသနနှင့် အင်ဂျင်နီယာဓာတ်ခွဲခန်းထားရှိပြီး စစ်ဆေးခြင်း။

(ဃ) လုပ်ငန်းခွင်များတွင် အသုံးပြုမည့်ဘိလပ်မြေ၊ ကွန်ကရစ်ကတ္တရာ၊ သံချောင်း၊ ကျောက်၊ သဲ၊ မြေနှင့်ဆောက်လုပ်ရေးပစ္စည်းများ အစရှိသည်တို့၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဂုဏ်သတ္တိနှင့်စံချိန်စံညွှန်းများ ကိုက်ညီခြင်းရှိ၊ မရှိ စစ်ဆေးခြင်း။



(င ) ကော်မတီက နှစ်အလိုက် ဆောင်ရွက်ခွင့်ပြုထားသော အဆောက်အအုံ၊ လမ်းတံတား၊ ရေမြောင်းစက်ရုံနှင့် အလုပ်ရုံမှတ်တမ်းများကို ပြုစုထိန်းသိမ်းခြင်း။

(စ ) ဓာတ်ခွဲစမ်းသပ်ချက်များနှင့် သုတေသနတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနနှင့် ကော်မတီသို့ အကြံပြုတင်ပြခြင်း။

## ရာပြတ်ဌာန

၁။ ရာပြတ်ဌာနသည် ကော်မတီ၏ ဝင်ငွေတရပ်ဖြစ်သည့် ပစ္စည်းခွန်စည်းကြပ် ကောက်ခံခြင်းကို ပုဂ္ဂလိကနှင့်အဖွဲ့အစည်းများ မရွှေ့ပြောင်းနိုင်သည့်မြေနှင့် အဆောက်အအုံပေါ်၌ ရာပြတ်တန်ဖိုးသတ်မှတ်၍ ကွာတာအလိုက်၊ နှစ်အလိုက် ပစ္စည်းခွန်ကောက်ခံနိုင်ရေးအတွက် ပစ္စည်းတန်ဖိုးဆုံးဖြတ်၍ ပစ္စည်းခွန်စည်းကြပ်ရသော ဌာနဖြစ်သည်။

၂။ ပစ္စည်းခွန်စည်းကြပ်သည့် အမျိုးအစားများမှာ –

လူနေအဆောက်အအုံ/အခန်းများ၊ ကိုယ်ပိုင်ဈေးများ၊ ဆိုင်ခန်းများ၊ ပုဂ္ဂလိက ရုပ်ရှင်ရုံများ၊ ကပွဲရုံများ၊ ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၊ အထူးကုဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံအလုပ်ရုံများ၊ ကုန်တိုက်များ၊ ကွန်ဒိုမီနီယမ်ပလာဇာ၊ တာဝါများ၊ ကိုယ်ပိုင်ကျောင်းများ၊ အပန်းဖြေစခန်းများ၊ ဂေါက်ကွင်းများ၊ Shopping Mall များ၊အဆင့်မြင့်လူနေအဆောက်အအုံ၊ စီးပွားရေးအဆောက်အအုံများ၊ Hypermarket များ၊ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်များ၊ ပုဂ္ဂလိကဘဏ်များ၊ ဘုရင့်နောင်ပွဲရုံ စီးပွားရေးဇုန်ရှိ အဆောက်အအုံအခန်းများ၊ သာမာန်လူနေစည်းကြပ်မည့် မြေတစ်စတုရန်းပေနှုန်းထားများ၊အဆောက်အအုံတစ်စတုရန်းပေနှုန်းထားများကို လမ်းမကြီး၊ လမ်းကျယ်၊ လမ်းကျဉ်းအလိုက် မြို့နယ်ပထမတန်းစား၊ မြို့နယ်ဒုတိယတန်းစား၊ မြို့နယ် တတိယတန်းစားများဟူ၍ခွဲခြားပြီး ဌာနဆိုင်ရာ တည်မြဲအမိန့်များ ထုတ်ပြန်ထားသည့် ဥပဒေများအတိုင်း စည်းကြပ်ဆောင်ရွက်ပါသည်။

**ပစ္စည်းခွန်ဆိုသည်မှာ–**

၃။ မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများနှစ်စဉ်တန်ဖိုး အပေါ် သတ်မှတ်ထားသည့် ရာခိုင်နှုန်းဖြင့် တွက်ချက်စည်းကြပ်ကောက်ခံသော အခွန် ဖြစ်ပါသည်။ ပစ္စည်းခွန် (၄) မျိုးခွဲခြားကောက်ခံပါသည်–

(၁) **အထွေထွေခွန်**– အများပြည်သူဆိုင်ရာလမ်းများ၊တံတားများ၊ ရေမြောင်းများ၊ ပန်းခြံများ၊ ဈေးများ၊ အားကစားကွင်းများ စသည်တို့ အတွက် တည်ဆောက်ဖောက်လုပ် ပြုပြင်ထိန်းသိမ်းစရိတ်များ ကာမိရန် စည်းကြပ်သောအခွန်။

(၂) **မီးခွန်**– အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ဈေးများ၊ပန်းခြံများ၊ အားကစားကွင်းများနှင့် စည်ပင်သာယာ အဆောက်အအုံများတွင် မီးထွန်းစရိတ်ကာမိစေရန် စည်းကြပ်ခြင်း။

(၃) **ရေခွန်**– ကော်မတီက ရေပေးဝေနိုင်ရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန် စည်းကြပ်သည့်အခွန်။

(၄) **သန့်ရှင်းရေးခွန်**– အမှိုက်နှင့် အညစ်အကြေးများ စုပုံ ပြောင်းရွှေ့စွန့်ပစ်ခြင်းနှင့် ရေစီးရေလာမြောင်းများ ရှင်းလင်းခြင်းတို့အတွက်ဆောင်ရွက်သည့် စရိတ်ကာမိစေရန် စည်းကြပ်သည့် အခွန်တန်ဖိုးဖြတ်နည်းစံနစ် (၅)မျိုး ရှိပါသည်–

(က) Comparison Method (ခ ) Cast Method

(ဂ ) Investment Method (ဃ) Profit Method

(င ) Residual Method



# အခွန်ဌာန

**အခွန်ဌာန၏ လုပ်ငန်းတာဝန်များ**

၁။ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ယာဉ်ရောင်းဝယ်ရေးစခန်းများ၊ ယာဉ်မောင်းသင်ကွင်း နေရာများ၊ ပွဲရုံနေရာများ၊ ကုန်တင်ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်တင်ယာဉ်ရပ်နားစခန်းများကို တည်ထောင်ဖွင့်လှစ် ကြီးကြပ်ဆောင်ရွက်ခြင်း။

(ခ ) လမ်းတံတားအသုံးပြုခကောက်ခံရေး လုပ်ငန်းအငှားချဆောင်ရွက်ခြင်း။

(ဂ ) မော်တော်ယာဉ်၊ ညအိပ်ခွန်၊ မော်တော်ယာဉ်ရပ်နားခ၊ လမ်းအသုံးပြုခနှင့် ကူးတို့ခွန်တို့အား သတ်မှတ်စည်းကြပ်ကောက်ခံခြင်း။

(ဃ) မြို့တော်နယ်နိမိတ်အတွင်း ပုဂ္ဂလိကငွေချေးလုပ်ငန်းအရေအတွက်နှင့် ဖွင့်လှစ်သည့်နေရာတို့ကို သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း။

(င ) ကူးတို့နယ်မြေသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ကူးတို့လုပ်ငန်းခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ကူးတို့လမ်းကြောင်း သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။



(စ )　ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်အမှတ်(၁/၉၇)အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြစ်၊ ချောင်း ကမ်းနံဘေး နယ်မြေများ၌တည်ဆောက်ရေးလုပ်ငန်းသုံး အုတ်၊ သဲ၊ ကျောက်၊ သစ်၊ ဝါးနှင့် ခနိများကို စနစ်တကျစုပုံနိုင်ရန် သတ်မှတ်ထားသောအခွန်၊ အခကောက်ခံ လျက် ယာယီစုပုံခွင့်ပြုခြင်း။

**စခန်းများ/ ဗုန်များ တည်ထောင်ဖွင့်လှစ်မှု**

**၂။　အောက်ဖော်ပြပါစခန်းများ၊ ဗုန်များကို တည်ထောင်ဖွင့်လှစ်သည်–**

(က)　အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း





(ခ )　ဒဂုံ–ဇရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း

(ဂ )　ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း




(ဃ)　စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း





(င )　ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း

(စ )　သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း

(ဆ)　ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း

(ဇ )　နံ့သာကုန်းစက်ဘီးနှင့်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း





(ဈ )　ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း

(ည)　ဒဂုံမြောက်စီးပွားရေးဖွံ့ဖြိုးမှုဗုန်

(ဋ )　ဒဂုံတောင်အငှားယာဉ်ရပ်နားစခန်း

(ဌ )　ဒဂုံတောင်ဟိန္ဒားလမ်းဆိုင်ခန်း

(ဍ )　ငါးပိ၊ငါးခြောက်၊ငံပြာရည်လုပ်ငန်းစီမံကိန်းဗုန်၊ အသံ/အနံ့ လုပ်ငန်းစီမံကိန်းဗုန်

**စခန်းများနှင့် ဗုန်များတွင်ဆောင်ရွက်သည့်လုပ်ငန်းများ**

**၃။　အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည် –**

(က)　**အခွန်၊ အခ၊ အကောက်ကောက်ခံခြင်း**

(၁)　ဆိုင်လခ

(၂)　ဆိုင်ခန်းငှားခ

(ခ )　**ဘဏ္ဍာရေးနှစ်အလိုက်ကောက်ခံခြင်း**

(၁)　ဆိုင်ခန်း/ မြေငှားရမ်းခြင်း

(၂)　လုပ်ငန်းလိုင်စင်

(၃) ဆိုင်းဘုတ်ခွန်

(၄) နေရောင်ကာခွန်



(ဂ ) **အထွေထွေ**

(၁) လျှပ်စစ်မီတာခ

(၂) ရက်လွန်ဒဏ်ကြေး

(၃) စည်းမဲ့ဒဏ်

(၄) လုပ်ငန်းလိုင်စင်အမည်ပြောင်း/ လိပ်စာပြောင်း/ လုပ်ငန်းပြောင်း

(၅) ဆိုင်ခန်းအမည်ပြောင်း

(၆) ပြင်ဆင်မှုဝန်ဆောင်ခ

(ဃ) အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား/ ရေနှင့်သန့်ရှင်းမှု/ အဆောက်အအုံ) လုပ်ငန်းများ

(င ) သန့်ရှင်းသာယာလှပရေး

(စ ) စိမ်းလန်းစိုပြည်ရေး

(ဆ) ရေစီးရေလာကောင်းမွန်ရေး

(ဇ ) မီးဘေးကြိုတင်ကာကွယ်ရေး

(ဈ ) လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး

**လေလံစနစ်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ(၂၀၁၂–၂၀၁၃ဘဏ္ဍာရေးနှစ်)**

၄။ **အောက်ပါအတိုင်းဖြစ်ပါသည် –**

(က) လမ်းများအသုံးပြုခကောက်ခံခြင်း

(ခ ) ယာဉ်ဝင်၊ ညအိပ်ခွန်/ ယာဉ်ဝင်ခကောက်ခံခြင်း

(ဂ ) ယာဉ်ဝင်ခလေ့ကျင့်ကြေးကောက်ခံခြင်း

(ဃ) ငမိုးရိပ်သံဘောင်တံတားဖြတ်သန်းခကောက်ခံခြင်း

(င ) စခန်းအတွင်းယာယီပစ္စည်းစုပုံခွန်ကောက်ခံခြင်း

(စ ) နားနေဆောင်



(ဆ) ဘုရင့်နောင်စခန်းဆိပ်ကမ်းခွန်ကောက်ခံခြင်း

(ဇ ) ကူးတို့လုပ်ငန်း

(ဈ ) လှော်ကားလမ်းယာဉ်ဖြတ်သန်းခကောက်ခံခြင်း

**ကမ်းနားယာယီစုပုံခွင့်ပြုခြင်း**

၅။ ကမ်းနားယာယီစုပုံခွင့်လုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ပါသည်–

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြစ်၊ ချောင်း၊ ကမ်းနားဘေးနယ်မြေများ၌ အုတ်၊ သဲ၊ ကျောက်၊ သစ်၊ ဝါးနှင့် ဓနိ များကို စနစ်တကျစုပုံနိုင်ရန် ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၃ ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထား သည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်အမှတ်(၁/၉၇)ကို ထုတ်ပြန်ခဲ့ပါသည်။

(ခ ) အဆိုပါအမိန့်အမှတ်(၁/၉၇)တွင် အောက်ပါအတိုင်းပါရှိပါသည်

(၁) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်းရှိ မြစ်၊ ချောင်း၊ ကမ်းနံ ဘေးနယ်မြေများတွင် အမြင့်ဆုံးဒီရေတက်ချိန်၌ မြစ်ရေရောက်ရှိရာနေရာမှ ကုန်းတွင်းဘက်သို့ ပေ(၁၅၀)အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စုပုံခြင်းမပြုရ။

(၂) ကော်မတီ၏ခွင့်ပြုချက်ဖြင့် စုပုံထားသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းလိုင်စင်မရှိဘဲရောင်းချခြင်းမပြုရ။

(၃) မည်သူမဆို ဤအမိန့်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် (သို့မဟုတ်)လိုက်နာရန်ပျက်ကွက်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

**လမ်း/ တံတားအသုံးပြုခကောက်ခံရေးစခန်း**

၆။ အောက်ဖော်ပြပါအတိုင်းဖွင့်လှစ်၍ လမ်း/ တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းအငှားချထားဆောင်ရွက် လျက်ရှိပါသည် –

(က) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၁)မှော်ဘီ

(ခ ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၂)အင်းတိုင်

(ဂ ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၃)သန်လျင်

(ဃ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၄)လှိုင်သာယာ



(င ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၅)တညင်းကုန်း



(စ ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အမှတ်(၆)ဒဂုံတံတား

(ဆ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ ဖောင်ကြီး

(ဇ ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ ရွာသာကြီး

(ဈ ) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ အင်းစိန်



(ည) လမ်းများအသုံးပြုခကောက်ခံရေးစခန်း၊ လှော်ကား

(ဋ ) ငမိုးရိပ်သံဘောင်တံတားဖြတ်သန်းခကောက်ခံဂိတ်

**ကူးတို့များ**

၇။ အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည် –

(က) တောင်ဥက္ကလာပ–ဒဂုံမြောက်ကူးတို့

(ခ ) ရေတွင်းချောင်ကူးတို့

(ဂ ) ဒေးဇတ်–သရက်ပင်ချောင်ကူးတို့

(ဃ) မြောက်ဥက္ကလာပ–ခမောသီကူးတို့

(င ) မြောက်ဥက္ကလာပ–ဘုန်းကြီးလမ်းကူးတို့

(စ ) လှိုင်သာယာ၊ ညောင်ကျေးရွာနှင့် ကြည့်မြင်တိုင်၊ ဝါးရုံဆိပ်ကူးတို့

**ပုဂ္ဂလိကငွေချေးလုပ်ငန်း**

၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကငွေချေး လုပ်ငန်း (၂၇၉)ခု လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

**BOT စနစ်ဖြင့် ရေချိုး/ သန့်စင်ခန်းလုပ်ငန်းအငှားချခြင်း**

၉။ အောက်ပါအတိုင်းအငှားချဆောင်ရွက်လျက်ရှိပါသည် –

(က) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ( ၃ ) ခု

(ခ ) ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း ( ၂ ) ခု

(ဂ ) စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း ( ၁ ) ခု

(ဃ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ( ၁ ) ခု

(င ) ဒဂုံ–ဧရာပွဲရုံနှင့်အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း ( ၃ ) ခု

(စ ) ဒဂုံမြောက်ယာဉ်မောင်းသင် ( ၁ ) ခု

# ဈေးများဌာန

**ဈေးများဌာန၏ လုပ်ငန်းတာဝန်များမှာ–**

၁။ ဆိုင်ခန်းများ အငှားချထားခြင်း၊ စည်းကမ်းဖောက်ဖျက်သော ဆိုင်ခန်း များအား ပြန်လည် သိမ်းယူခြင်း၊ ဈေးနှင့်ပတ်သက်သော စည်းကမ်းများ အား ကြီးကြပ်ထိန်းသိမ်းခြင်း။

၂။ ဈေးနှုန်းဈေးကောက်များအား အပြည့်အဝရရှိအောင် ကြီးကြပ်ကွပ်ကဲ ခြင်း၊ ဈေးလုံခြုံရေး၊ သန့်ရှင်းရေးများ စီမံဆောင်ရွက်ခြင်း။

၃။ ဈေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု စာရင်းဇယားထိန်းသိမ်းမှု ငွေကြေးကိစ္စရပ်များ စသည်တို့ကို ကြီးကြပ်ကွပ်ကဲခြင်း။

၄။ ဈေးလုပ်ငန်းနှင့်ပတ်သက်၍ ဈေးကြီးကြပ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၅။ ဈေးဆိုင်ခန်းများတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း။

ရန်ကုန်မြို့တော်၏ ခရိုင် (၄)ခုအတွင်းရှိ ဈေးများကို အုပ်စု (၅)စုခွဲထား ပါသည်။

| စဉ် | ခရိုင်အမည် | ဈေးအဆင့်အုပ်စု | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | က အဆင့် | ခ အဆင့် | ဂ အဆင့် | ဃ အဆင့် | အခွန်လွတ်ဈေး | |
| ၁။ | အရှေ့ပိုင်းခရိုင် | ၂ | ၁၁ | ၂၂ | ၁၄ | ၂ | ၅၁ |
| ၂။ | အနောက်ပိုင်းခရိုင် | ၁၀ | ၈ | ၃ | ၃ | ၁ | ၂၅ |
| ၃။ | တောင်ပိုင်းခရိုင် | ၆ | ၁၈ | ၁၄ | ၃ | ၂ | ၄၃ |
| ၄။ | မြောက်ပိုင်းခရိုင် | ၃ | ၁၂ | ၂၂ | ၉ | ၆ | ၁၂ |
| | စုစုပေါင်း | ၂၁ | ၄၉ | ၆၁ | ၂၉ | ၁၁ | ၁၇၁ |



အဆင့်မြင့်ဈေးစီမံကိန်းများ–

၁။ ကမာရွတ်မြို့နယ်၊ ဆင်မလိုက်ဈေး

၂။ လှိုင်မြို့နယ်၊ ဘုရင့်နောင်ငါးဈေးသစ်

၃။ သဃ်္ဃန်းကျွန်းမြို့နယ်၊ သဃ်္ဃန်းကျွန်းဈေး

၄။ အလုံမြို့နယ်၊ သိပ္ပံဈေး

၅။ ရေကျော်ဈေး

၆။ တာမွေဈေး

၇။ ကြည့်မြင်တိုင်ဈေး

၈။ ရန်ကင်းမြို့နယ်၊ မြို့နယ်မြို့မဈေး

ဈေးများဌာန၌ဈေးအသီးသီးတွင် အခွန်အခ (၁၆)မျိုးကောက်ခံလျက်ရှိပါသည်။

(၁) ဆိုင်လခ

(၂) မီတာခ

(၃) ပုံကျကတ်ပြား

(၄) ရွက်ဆုတ်ပြေစာ

(၅) နှစ်ရှည်မြေ/ အဆောင်ဌားရမ်းခ

(၆) ဌာနဝင်ငွေရဆိုင်၊ မြေ၊ လုပ်ငန်းဌားရမ်းခ

(၇) နှစ်စဉ်မှတ်ပုံတင်ကြေး

(၈) ဆိုင်ခန်းခ

(၉) ဆိုင်ခန်းတည်ဆောက်ခ

(၁၀) အမည်ပြောင်းခ

(၁၁) တဆင့်ငှားရမ်းခ

(၁၂) အကူဈေးသည်

(၁၃) ပေကျော်ခွန်

(၁၄) ဆိုင်းဘုတ်ခွန်

(၁၅) သန့်စင်ခန်းဝင်ခ

(၁၆) ယာဉ်ဝင်ခ



# တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန

၁။ ကုသရေးနှင့်ကာကွယ်ရေးဌာနခွဲ (အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်)

၂။ အသားထုတ်လုပ်ရေးဌာနခွဲ (ဝက်၊ သိုး၊ ဆိတ်) ရွာသာကြီး

၃။ အသားထုတ်လုပ်ရေးလုပ်ရုံခွဲ (ဝက်) ရွာမ

၄။ အသားထုတ်လုပ်ရေးလုပ်ရုံခွဲ (အမဲ၊ သိုး၊ ဆိတ်) လှိုင်သာယာ

၅။ အသားထုတ်လုပ်ရေးလုပ်ရုံခွဲ (သိုး၊ ဆိတ်) ရွှေပြည်သာ

## ကုသရေးနှင့် ကာကွယ်ရေးလုပ်ဆောင်ချက်များ–

မြို့တော်နယ်နမိတ်အတွင်း တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများ တားဆီးကာကွယ်ထိန်းချုပ်ရေးအတွက်

- ခွေးလေခွေးလွင့်များရှင်းလင်းခြင်း
- အိမ်မွေးတိရစ္ဆာန်များကို မှတ်ပုံတင်ခြင်းနှင့်
- ကာကွယ်ဆေးထိုးမှုများ စစ်ဆေးခြင်း။
- ချိုး၊ ခို၊ ငှက်များ ရှင်းလင်းခြင်း။
- မြကြွင်းများ ရှင်းလင်းခြင်း။
- တိရစ္ဆာန်များ စည်းကမ်းမဲ့ လွှတ်ကျောင်းမှုများကို ဖမ်းဆီးအရေးယူခြင်း။



## အသားထုတ်လုပ်ရေးဌာနခွဲများ၏ လုပ်ဆောင်ချက်များ

- အသားထုတ်လုပ်ရုံသို့ ရောက်ရှိလာသော တိရစ္ဆာန်များအား ကူးစက်ရောဂါနှင့် အခြား ရောဂါများ ရှိ/မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ တိရစ္ဆာန် ဆရာဝန်မှ စစ်ဆေးခြင်း။



- သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အသားများ ဖြန့်ဝေမှုကို ကြပ်မတ် စစ်ဆေးခြင်း။
- ငါး၊ ပုဇွန်များ ရောဂါကင်းရှင်းမှု စစ်ဆေးခြင်း။
- ထုတ်လုပ်ပြီးအသားများ၏ ကိုယ်တွင်းအင်္ဂါများ ရောဂါ ကင်းရှင်းမှု ရှိ/မရှိ စစ်ဆေးခြင်း။
- ရုံများသန့်ရှင်းရေးအတွက် ပိုးသတ်ဆေးဖြန်းခြင်း။

## ဌာန၏ အထွေထွေလုပ်ဆောင်ချက်များ

- ကြက်၊ ဘဲ ရောင်းချခွင့် လိုင်စင်ထုတ်ပေးခြင်း။



- လိုင်စင်ဖြင့် မွေးမြူထားသော ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ဘဲ ငုံးများ၏ ဇီဝ လုံခြုံမှု စစ်ဆေးခြင်း။
- ခွင့်မဲ့သတ်ဖြတ်မှုများ ရှာဖွေဖော်ထုတ်ခြင်း။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင် အရာထမ်း(၃၉)ဦး၊ အမှုထမ်း(၂၅၈၀)ဦး၊ စုစုပေါင်း(၂၆၁၉)ဦးဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ ဌာန၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်–

(က) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အခွန်အခများစည်းကြပ်ကောက်ခံသည့် မြို့နယ်များရှိလမ်းမကြီးများနှင့် လမ်းသွယ်များမှအမှိုက်သရိုက်များကို စနစ်တကျလှဲသိမ်း သယ်ယူစွန့်ပစ်ခြင်း။

(ခ ) အခွန်အခကောက်ခံသော မြို့နယ်၊ ရပ်ကွက်များတွင် အမှိုက်စွန့်ပစ်နိုင်ရန်အတွက် သင့်လျော်သော အမှိုက်သိမ်းစနစ်များကို စီမံဆောင်ရွက်ခြင်း။

(ဂ ) စီမံဆောင်ရွက်သည့် အမှိုက်သိမ်းစနစ်များကို အစဉ်ဆောင်ရွက်နိုင်ရေးအတွက် အမှိုက်ပုံရန် နေရာသတ်မှတ်ခြင်း၊ အမှိုက်ကန်များတည်ဆောက်ခြင်း၊ အမှိုက်ပုံးများချထားပေးမှုစီမံဆောင်ရွက်ခြင်း။

(ဃ) အခွန်အခကောက်ခံခြင်းမပြုသော အစိုးရဌာနအဆောက်အအုံများ၊ ပရိဝုဏ်များ၊ ဝင်းခြံများအတွင်း အမှိုက်သရိုက်ရှင်းလင်းရေး၊ ထွက်ရှိအမှိုက်များကို ဌာနကသတ်မှတ်သော အပြီးသတ် အမှိုက်စွန့်ပစ်နေရာသို့သယ်ယူစွန့်ပစ်ရေးများ ညွှန်ကြားဆောင်ရွက်ခြင်း။

(င ) သိမ်းဆည်းပြီးသော အမှိုက်များကိုအပြီးသတ်စွန့်ပစ်ရန်အတွက် အစီ အမံများပြုလုပ်ခြင်း။

(စ ) အများပြည်သူသုံး အခပေးအိမ်သာများကို သန့်ရှင်းစွာဖွင့်လှစ်ထားရှိပေးခြင်း။



(ဆ) ခဝါရုံလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဇ ) သုသာန်များကို စနစ်တကျဖွင့်လှစ်၍ မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း။

(ဈ ) ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရန် ရေထု၊ လေထု၊ မြေသားထုညစ်ညမ်းခြင်း၊ အသံဆူညံခြင်းစသည်တို့အတွက် ဓာတ်ခွဲစမ်းသပ်ခြင်း၊ လို အပ်သောအကာအကွယ်များ ပြုလုပ်စီမံကွပ်ကဲညွှန်ကြား အုပ်ချုပ်ပေးခြင်း။

(ည) ဌာနအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ပြခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စနစ်တကျထုတ်ပေးမှတ်တမ်းတင်ခြင်း။

## ၂။ အမှိုက်ထွက်ရှိမှု

အိမ်ထောင်စုများမှထွက်သောအမှိုက်–

ဈေးထွက်အမှိုက် – ၃၁၃.၇၄

ဆေးရုံ၊ ဆေးခန်းမှ စွန့်ပစ်ပစ္စည်း – ဝ.၆၆

ရန်ကုန်မြို့မှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန်မှာ ၁၆၉၀ တန်ဖြစ်ပါသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ၏ လုပ်ငန်းတာဝန်များမှာ–

**၃။ အမှိုက်သိမ်းစနစ်–**

(က) အမှိုက်ကန်ထားရှိခြင်း– ၃၃ မြို့နယ်–၉၄၆ ကန်

(ခ ) ခေါင်းလောင်းတီး အမှိုက်သိမ်းခြင်း

(ဂ ) လှဲသိမ်းခြင်း

(ဃ) ပတ်သိမ်းခြင်း

(င ) သီးခြားအမှိုက်သိမ်းခြင်း

(စ ) အရေးပေါ် အမှိုက်သိမ်းခြင်း







**၄။ သုသာန်ဆိုင်ရာလုပ်ငန်းများ–**

(က) အလောင်းများကို သယ်ယူပေးခြင်း။

(ခ ) အအေးခန်းတွင် ထားရှိထိန်းသိမ်းပေးခြင်း။

(ဂ ) မီးသင်္ဂြိုလ်ပေးခြင်း။

(ဃ) မြေမြှုပ်ပေးခြင်း။

(င ) ဂူသွင်းပေးခြင်း။

**ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ**

၅။ စက်ရုံ၊ အလုပ်ရုံထွက်စွန့်ပစ်ပစ္စည်းများသန့်စင်ရေး အခြေအနေများ ကွင်းဆင်းလေ့လာရေးစီမံချက် (Treatment Facilitices Survey Plan) ရေးဆွဲ၍ စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်း။

၆။ ဘေးဥပဒ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ (Hazardous Wastes)ကိုပြုပြင် သန့်စင်၍ စွန့်ပစ်ရေးလုပ်ငန်းများ (Treatment and Disposal) ဆောင်ရွက် ပေးခြင်း။

၇။ ပတ်ဝန်းကျင်ညစ်ညမ်းမှုတားဆီးကာကွယ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများ သို့ ကွင်းဆင်းစစ်ဆေးခြင်း။



## အင်ဂျင်နီယာဌာန (လမ်းတံတား)

ရန်ကုန်မြို့တော်တစ်မြို့လုံးတွင်–

| | |
|---|---|
| ကတ္တရာလမ်း | ၂,၁၀၀ |
| ကွန်ကရစ်လမ်း | ၃,၂၆၀ |
| ကတ္တရာကွန်ကရစ်လမ်း | ၁,၇၆၀ ခန့်ရှိပြီး |

၂၀၁၁–၁၂ ဘဏ္ဍာရေးနှစ်အတွင်း–

ရန်ကုန်မြို့ရှိလမ်းမကြီး (၂၁)လမ်း ပေ (၅၉,၀၀၀)ကျော်ခင်းခဲ့ပါသည်။

ကော်မတီနယ်နမိတ်အတွင်း လမ်းမကြီးများအား ကတ္တရာကွန်ကရီဖြင့် ထပ်ပိုးလွှာတင်ခြင်း ကို လမ်းမပေါင်း (၁၆) လမ်း၊ပေ (၉၁,၇၈၇) ခင်းခဲ့ပါသည်။

ကတ္တရာလမ်းမကြီးများဆောင်ရွက်ခြင်းအနေဖြင့်–

လမ်းမပေါင်း (၁၈) ၊ ပေ (၇၇,၆၆၃) ခန့်ဆောင်ရွက်ခဲ့ပါသည်။

ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေရှင်းနိုင်ရန်အတွက် ဂုံးကျော်တံတား စီမံကိန်းတွင် လှည်းတန်းဂုံးကျော်တံတားအား စတင်အကောင်အထည်ဖော်နေပြီး ဘုရင့်နောင်ဂုံးကျော်တံတားနှင့် ရွှေဂုံတိုင်ဂုံးကျော်တံတားများအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့တွင်းနှင့် မြို့သစ်မြို့နယ်များ ဆက်သွယ်မှုလွယ်ကူစေရန်အတွက် သံမဏိသံဘောင်ယက်မသံကူကွန်ကရီခင်းတံတားများနှင့် ရေစီးရေလာ ကောင်းမွန်စေရန် မြောင်းကူးကွန်ကရီ တံတားများကို တည်ဆောက်ပေးလျှက် ရှိပါသည်။

ဌာနအနေဖြင့် ရန်ကုန်မြို့တော်နေပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ မြို့တွင်းနှင့် မြို့သစ်မြို့နယ်များတပြေးညီဖွံ့ဖြိုးစေရေး၊ ရေစီးရေလာကောင်းမွန်ရေး တို့ အတွက် အောက်ပါတို့ကိုဆောင်ရွက်လျက်ရှိပါသည်–

၁။ စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းများ၊ တံတားများ၊ လိုအပ်သလို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း။

၂။ ရေမြောင်းများ၊ နောက်ဖေးလမ်းကြား ရေမြောင်းများ ဖောက်လုပ်ပြင် ဆင်ခြင်း။

၃။ ယာဉ်အန္တရာယ်ကာကွယ်ရေးအတွက် လမ်းဆုံလမ်းခွများတွင် မီးပွိုင့်များ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း၊ ခွင့်ပြုခြင်း။

၄။ လမ်းများပေါ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက် လမ်းညွှန် ဆိုင်းဘုတ်များ စိုက်ထူခြင်း။

၅။ ယာဉ်ကြောဘေးလိုင်းများ ရေးဆွဲခြင်း၊ ကားမှတ်တိုင်များ ဆောက်လုပ် ပေးခြင်း။

၆။ လမ်းမီးများ ထွန်းညှိပေးခြင်း၊ ဂုံးကျော်တံတားတည်ဆောက်ခြင်း၊ သံဆန်ခါကာရံပေးခြင်း။

၇။ လမ်းဘေးကျောက်ပြားများ၊ ကတ္တျံများ၊ လမ်းလယ်ကျွန်းများ တည်ဆောက်ခင်းကျင်းပေးခြင်း။













ဌာနခွဲများ–

(က) အရှေ့ပိုင်းခရိုင် (၁)

(ခ) အရှေ့ပိုင်းခရိုင် (၂)

(ဂ) အနောက်ပိုင်းခရိုင် (၁)

(ဃ) အနောက်ပိုင်းခရိုင် (၂)

(င) တောင်ပိုင်းခရိုင် (၁)

(စ) မြောက်ပိုင်းခရိုင် (၂)

(ဆ) မြောက်ပိုင်းခရိုင် (၂)

(ဇ) ဒေါ်ပုံကတ္တရာ/ ဖျော်စက်နှင့်ကွန်ကရီဖျော်စက်

(ဈ) အေဘီစီကတ္တရာကွန်ကရီဖျော်စက်

(ည) ကတ္တရာ၊ကွန်ကရီလမ်းခင်းအဖွဲ့

(ဋ) ယာဉ်ထိန်းအင်ဂျင်နီယာဌာနခွဲ

(ဌ) တံတားတည်ဆောက်ရေးအဖွဲ့ (၁)

(ဍ) တံတားတည်ဆောက်ရေးအဖွဲ့ (၂)

(ဎ) ရေစီးရေလာကောင်းမွန်ရေးအဖွဲ့







## အင်ဂျင်နီယာဌာန(အဆောက်အအုံ)

၁။ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် အောက်ပါဌာနခွဲများနှင့်ဆက်သွယ်လုပ်ဆောင်နိုင်ပါသည်–

(က) အုပ်ချုပ်မှုဌာနခွဲ
(ခ ) မြေရာဌာနခွဲ
(ဂ ) ပုံစံခွင့်ပြုဌာနခွဲ
(ဃ) စစ်ဆေးရေးဌာနခွဲ
(င ) လျှပ်စစ်ဌာနခွဲ
(စ ) စီမံချက်ဌာနခွဲ
(ဆ) အခမ်းအနားပြင်ဆင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဌာနခွဲ
(ဇ ) တည်ဆောက်ရေးဌာနခွဲ
(ဈ ) အလုပ်ရုံဌာနခွဲ

၂။ အင်ဂျင်နီယာဌာန (အဆောက်အအုံ) သည် အောက်ပါလုပ်ငန်းရပ်များကို လုပ်ဆောင်ခွင့်ပြုပေးပါသည်။ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီစစ်ဆေးပြီး–

(က) အဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်း ကို စိစစ်၍ ဆောက် လုပ်ခွင့်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ တားမြစ်ခြင်း၊အရေးယူခြင်း။
(ခ ) ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်း။
(ဂ ) အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်းကို စစ်ဆေးခြင်း၊ ခွင့်ပြုခြင်း။

၄။ အဆောက်အအုံ ဖျက်သိမ်းခွင့်၊ ပြင်ဆင်ခွင့်လျှောက်ထားခြင်း။
၅။ ကော်မတီပိုင်မြေများနှင့် အဆောက်အအုံများကို စီမံခန့်ခွဲခြင်း၊ ကျူးကျော်များ အရေးယူခြင်း။
၆။ အန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံဟောင်းများကို စစ်ဆေးခြင်း၊ပြုပြင်ဆောင်ရွက်စေခြင်း၊ ဖျက်သိမ်းဖယ်ရှားရန် ကော်မတီသို့ တင်ပြခြင်း။



၇။ မြို့ပြစီမံကိန်းများရေးဆွဲရာတွင်ပါ ဝင်ဆောင်ရွက်ခြင်း
၈။ ကော်မတီ၏ နှစ်တို/ရှည် စီမံကိန်းများရေးဆွဲရာတွင် ဆောက်လုပ်ရေးကဏ္ဍကို ရေးဆွဲတင်ပြခြင်း
၉။ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ(သို့) ခွင့်ပြုပုံစံနှင့် ညီညွတ်မှုမရှိသော အဆောက်အအုံများကို ပယ်ဖျက်ခြင်း၊ တရားစွဲဆိုခြင်း၊ စနစ်တကျဖြစ်စေရန် စိစစ်ခွင့်ပြုခြင်းတို့ကို အဓိက ဆောင်ရွက်ပေးနေသော ဌာနဖြစ်ပါသည်။

ဖွဲ့စည်းပုံအရ ခန့်ထားအင်အား

ခွင့်ပြုအင်အား (၁၄–၈–၂၀၁၂)

| | | | |
|---|---|---|---|
| ၁။ | အရာရှိ | (၇၅) ဦး | (၇၁) ဦး |
| ၂။ | အခြားအဆင့် | (၄၂၄) ဦး | (၃၂၄) ဦး |
| | စုစုပေါင်း | (၄၉၉) ဦး | (၃၉၅) ဦး |

### ရည်မှန်းချက်လုပ်ငန်းတာဝန်များ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့် အဆောက်အအုံများနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးခြင်း၊ ဆောက်လုပ်ခွင့်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ တားမြစ်ခြင်း၊ အရေး ယူခြင်း။

၂။ ကော်မတီပိုင်မြေများပေါ်တွင် အဆောက်အအုံအစိတ်အပိုင်းများ ကျူးကျော်ခြင်းကို စစ်ဆေးခြင်း၊ အခွန်ကောက်ခံခြင်း၊ ကော်မတီပိုင်မြေများပေါ်သို့ ကျူးကျော်ဆောက်လုပ်ထားသော မိလ္လာကန်များကို ကျူးကျော်ခွန်ကောက်ခံခြင်း၊ ကော်မတီပိုင်မြေများပေါ်တွင် ဆောက်လုပ်ရေးပစ္စည်း စုပုံထားရှိခြင်းကို စစ်ဆေးခြင်း၊ အခွန်စည်းကြပ်ကောက်ခံခြင်း၊ ကြော်ငြာဆိုင်းဘုတ်များကို စိစစ်ခွင့်ပြုခြင်း၊ အခွန်အခများ စည်းကြပ်ကောက်ခံခြင်း။

၃။ ကျူးကျော်တဲများကို စစ်ဆေးအရေးယူခြင်း၊ ကော်မတီပိုင်မြေများ၊ အဆောက်အအုံများကို စီမံခန့်ခွဲခြင်း၊ ကော်မတီပိုင်အဆောက်အအုံမြေနေရာများကို မှတ်ပုံတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကော်မတီပိုင်ဝန်ထမ်းအိမ်ရာများကို ကြီးကြပ်ထိန်းသိမ်းခြင်း။

၄။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ နှစ်တို နှစ်ရှည်စီမံကိန်းများ ရေးဆွဲရာတွင် ကော်မတီ၏ဆောက်လုပ်ရေးကဏ္ဍကို ရေးဆွဲတင်ပြခြင်း။

၅။ မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း။

၆။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံများ တည်ဆောက်ရာတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ ဆောက်လုပ်ရန် လမ်းညွှန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၇။ အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုချက်ရယူမှုမရှိသော သို့တည်းမဟုတ် ခွင့်ပြုပုံစံနှင့်ညီညွတ်မှုမရှိသော အဆောက်အအုံများကို ပယ်ဖျက်ခြင်း၊ တရားစွဲဆိုခြင်း၊ စနစ်တကျဖြစ်စေရန် စိစစ်ခွင့်ပြုခြင်း။

၈။ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ပြီးသော အဆောက်အအုံများအပေါ်တက် ရောက်နေထိုင်ခွင့် လျှောက်ထားခြင်းများအား စစ်ဆေးခြင်း၊ ခွင့်ပြုခြင်း။

၉။ အန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံဟောင်းများကို စစ်ဆေးခြင်း၊ ပြုပြင်ဆောင်ရွက်စေခြင်း၊ ဖျက်သိမ်းဖယ်ရှားရန် ကော်မတီသို့တင်ပြဆောင်ရွက်ခြင်း။

၁၀။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ပေးအပ်သော နိုင်ငံတော်အခမ်းအနားများ၊ နိုင်ငံတော်ဆောင်ပုဒ်များ၊ အမျိုးသားရေးဆောင်ပုဒ်များကို ဆောင်ရွက်ပေးခြင်း၊ စိုက်ထူပေးခြင်း။

၁၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။



## အုပ်ချုပ်ဌာနခွဲ

၁။ ဝန်ထမ်းရေးရာကိစ္စရပ်များကို စီမံရေးရာဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

၂။ ဝန်ထမ်းများ၏ ခွင့်များ၊ နှစ်တိုးများ ဆောင်ရွက်ခြင်း။

၃။ ဝန်ထမ်းများ၏ ပင်စင်ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၄။ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ဝင်ငွေ/သုံးငွေစာရင်းများ ပြုစုခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်း။

၅။ (၃)လပတ်၊ (၄)လပတ် အစီရင်ခံစာများပြုစုပေးပို့ခြင်း။

၆။ e-Government လုပ်ငန်းများ ဆောင်ရွက်ခြင်း။

## မြေရာဌာနခွဲ

၁။ ကော်မတီပိုင် အဆောက်အအုံများနှင့်မြေများ ရောင်းချခြင်း၊ ငှားရမ်းခြင်း

၂။ ကော်မတီပိုင် တိုက်ခန်းများ ရောင်းချခြင်း၊ အငှားချထားခြင်း၊

၃။ ကော်မတီမှ ယာယီထိန်းသိမ်းထားသော တိုက်ခန်းများ အငှားချထားခြင်း၊

၄။ ကော်မတီပိုင် တိုက်ခန်းများ မြေငှားခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊

၅။ ကော်မတီမှ ယာယီထိန်းသိမ်းထားသော တိုက်ခန်းများ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း။

၆။ အမြဲတမ်းကျူးကျော်ခွန်များ၊ ကြော်ငြာဆိုင်းဘုတ်များကောက်ခံခြင်း။

၇။ ကော်မတီပိုင်ဝန်ထမ်းအိမ်ရာများ၏ စာရင်းထိန်းသိမ်းဆောင်ရွက်ခြင်း။

၈။ လေလံတင်ရောင်းချရေးအဖွဲ့၏ ကိစ္စရပ်များ ဆောင်ရွက်ခြင်း။

## တည်ဆောက်ရေးဌာနခွဲ

၁။ တည်ဆောက်ရေးဌာနခွဲ၏ ရုံးလုပ်ငန်းများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းကြီးများ၏ ရုံးလုပ်ငန်းတာဝန်များဆောင်ရွက်သည်။

၂။ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောင်ရွက်ရသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်းများအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီများအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းကြီးများအား ကြီးကြပ်ဆောင်ရွက်သည်။

၃။ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောင်ရွက်ရသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်းများ အပြင် အခြား ဌာနများ၏ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများ (အခွန်ဌာန၊ ဈေးများဌာန)ကို အခါအားလျော်စွာ ဆောင်ရွက်သည်။

၄။ တည်ဆောက်ရေးအဖွဲ့များသည် တာဝန်ပေးအပ်သည့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ဌာနမှူးမှ သီးခြားတာ ဝန်ပေးအပ်သည့် အရေးပေါ်စစ်ဆေးရေးအဖွဲ့များတွင်လည်းကောင်း တာဝန်ယူ ဆောင်ရွက်သည်။

## လျှပ်စစ်ဌာနခွဲ

၁။ ကော်မတီပိုင်အဆောက်အအုံများတွင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း။

၂။ ကော်မတီမှ ကြီးကြပ်ဆောင်ရွက်သော အခမ်းအနားများတွင် လျှပ်စစ်မီး တပ်ဆင်ခြင်း။

၃။ ကော်မတီနှင့်ပြင်ပလုပ်ငန်းရှင်များ အကျိုးတူဆောင်ရွက်သော အဆင့်မြင့် အိမ်ရာစီမံကိန်းများတွင် ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။



၄။ အိမ်ရာစီမံကိန်းများတွင် လျှပ်စစ်လုပ်ငန်းများအား စစ်ဆေး၍ လိုအပ်ချက်များ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများအား စစ်ဆေးလက်ခံခြင်း။

၅။ ကော်မတီပိုင် အဆောက်အအုံများမှ သုံးစွဲသည့် ဓာတ်အားခများကို စိစစ်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ ပေးချေနိုင်ရန် ငွေတောင်းခံလွှာပြုစုတင်ပြခြင်း။

၆။ ကော်မတီပိုင်ဝန်ထမ်းအိမ်ရာများ၊ ကော်မတီဓာတ်အားသုံးစွဲသော ပြင်ပအဖွဲ့ အစည်းများ၊ ပြင်ပဆိုင်များမှ သုံးစွဲသည့် ဓာတ်အားခများကို တစ်ဆင့်ခံမီတာများ တပ်ဆင်၍လည်းကောင်း၊ ပုံသေနှုန်းထားများသတ်မှတ်၍လည်းကောင်း နေထိုင်သူမှ တောင်းခံခြင်း။

၇။ ကော်မတီပိုင်အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုစနစ်တကျရှိစေရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လျှပ်စစ် စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၈။ လုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းအသုံးစရိတ်များအား စိစစ်ထောက်ခံတင်ပြခြင်း၊ လုပ်ငန်းများအား စစ်ဆေးကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းပြီးစီးကြောင်း လက်မှတ်စိစစ်ထုတ်ပေးခြင်းနှင့် ထောက်ခံတင်ပြခြင်း။

## အခမ်းအနားပြင်ဆင်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဌာနခွဲ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပေး ရသော အခမ်းအနားများအတွက် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

၂။ ကော်မတီပိုင်အဆောက်အအုံများ၊ ဝန်ထမ်းလိုင်းများပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း။

## ပုံစံခွင့်ပြုဌာနခွဲ

၁။ အထပ်မြင့်အဆောက်အအုံများ၊ လုံးချင်းအဆောက်အအုံများ၊ ခြံစည်းရိုးများ ဆောက်လုပ်ခွင့်ပြုခြင်း။

၂။ အဆောက်အအုံဟောင်းများ ဖျက်သိမ်းခွင့်ပြုခြင်း။

၃။ အဆောက်အအုံအကြီးစား၊ အသေးစားပြင်ဆင်ခွင့်ပြုခြင်း။

၄။ အဆောက်အအုံဆောက်လုပ်ခွင့်သက်တမ်းတိုးမြှင့်ပေးခြင်း။

၅။ ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများအား အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း။

၆။ ကော်မတီပိုင် အဆောက်အအုံများ၊ အိမ်ရာစီမံကိန်းကြီးများ အဆိုပြုပုံစံများရေးဆွဲခြင်း၊ Structure စိစစ်တွက်ချက်ပေးခြင်း။

၇။ (၃)ထပ်နှင့်အထက် အဆောက်အအုံများအား Structure ခိုင်ခံ့မှု စိစစ်ခြင်း။

၈။ Steel Structure အဆောက်အအုံများအား Structure ခိုင်ခံ့မှု စိစစ်ခြင်း။

## စီမံချက်ဌာနခွဲ

၁။ အန္တရာယ်ရှိအဆောက်အအုံအား စစ်ဆေးပေးရန် တင်ပြလာပါက ကွင်းဆင်းစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ အန္တရာယ်ရှိအဆောက်အအုံများ အကြီးစားပြင်ဆင်ရန် လိုအပ်ပါက ပြန်လည်ပြင်ဆင်စေခြင်း၊အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်သင့်ပါက ကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း။

၂။ အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်ကြေညာခြင်း၊ အသစ်ပြန်လည်တည်ဆောက်ရန်အတွက် မြေရှင်၊ ကန်ထရိုက်တာနှင့် မူလနေထိုင်သူများအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ အန္တရာယ်ရှိအဆောက်အအုံအား ဖြိုဖျက်ခြင်း၊ တိုက်သစ်ပြန်လည်တည်ဆောက်ခြင်း၊ မူလနေထိုင်သူအား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။



## စစ်ဆေးရေးဌာနခွဲ

၁။ အဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်း၊ ခြံစည်းရိုးကာရံခွင့် လျှောက်ထားခြင်းများ တင်ပြလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ဆောက်လုပ်ခွင့်ကျပြီး အဆောက်အအုံများအား ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုရှိ၊ မရှိစစ်ဆေးခြင်း။

၂။ ဆောက်လုပ်ဆဲအဆောက်အအုံများအား လိုင်စင်အင်ဂျင်နီယာကြီးကြပ်မှု ရှိ၊ မရှိနှင့် ဆောက်လုပ်မှုအခြေအနေများကို သတ်မှတ်ထားသော Log Book တွင် မှတ်တမ်းတင်ဆောင်ရွက်ခြင်း။

၃။ အန္တရာယ်ရှိအဆောက်အအုံများ ပဏာမစစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

၄။ တိုင်ကြားစာများ ကန့်ကွက်စာများ စစ်ဆေးတင်ပြခြင်း။

၅။ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများအနေဖြင့် မြို့နယ်အတွင်း ခွင့်ပြုချက်မဲ့ မပေါ်ပေါက်စေရေးအတွက် အမြဲမပြတ်စစ်ဆေးကြပ်မတ်ခြင်း၊ ဆောက်လုပ်နေသော အဆောက်အအုံများတွင် ပိုက်ကွန်လုံခြုံစွာကာရံထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေမြောင်းပိတ်ဆို့မှုမရှိစေရေးစစ်ဆေးခြင်း၊ တွေ့ရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြစေခြင်း၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ဆိုင်ရာ ကောက်ခံရန်ရှိသော အခွန်ငွေအရပ်ရပ်ကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ခြင်း။

# အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)

၁။ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တွင် အောက်ပါဌာနခွဲများပါဝင် ပါသည်–

- (က) ရေပေးရေးဌာနခွဲ
- (ခ) အုပ်ချုပ်/ဘဏ္ဍာဌာနခွဲ
- (ဂ) လျှပ်စစ်နှင့်စက်မှုဌာနခွဲ
- (ဃ) သန့်ရှင်းမှုဌာနခွဲ
- (င) စိုက်ထုတ်လုပ်ရေးစက်ရုံ
- (စ) ရေလှောင်ကန်ကြီးများဌာနခွဲ
- (ဆ) အထောက်အကူပြုဌာနခွဲ

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ရေပိုက် လိုင်းဖြင့် ဖြန့်ဝေသောဧရိယာများတွင် ရေဆက်သွယ်လိုပါက သက်ဆိုင်ရာ အောက်ပါ ခွင့်ပြုမိန့် အမျိုးအစားအလိုက် လျှောက်ထားနိုင်ပါသည်-

(က) အဆောက်အအုံအသစ်ဆောက်လုပ်ရာတွင် ရေသုံးစွဲလိုပါက ယာယီရေ ဆက်သွယ်ခွင့်။

(ခ ) အဆောက်အအုံဆောက်လုပ်ပြီးစီး၍ ရေဆက်လက်သုံးစွဲလိုပါကအပြီးသတ် ရေဆက်သွယ်ခွင့်။

(ဂ ) အဆောက်အအုံပြုပြင်တည်ဆောက်လုပ်ခြင်း မရှိ**ဘဲ** ရေဆက်သွယ်လို ပါက အိမ်ဟောင်းရေဆက်သွယ်ခွင့်။

(ဃ) မူလရေသွယ်လိုင်းမှ ရေလိုင်းခွဲ၍ သုံးစွဲလိုပါက ဆင့်ပွားရေဆက်သွယ် ခွင့်။

(င ) မူလရေသွယ်လိုင်းမှ ဆင့်ပွားမယူ**ဘဲ** သီးခြားရေလိုင်းအား သုံးစွဲလိုပါ က ရေပိုက်ဆက်သွယ်ခွင့်။

(စ ) ရေအားနည်းသဖြင့် မူလရေသွယ်လိုင်းအားပိတ်သိမ်းပြီး ရေပိုက် ပြောင်း ရွှေ့သုံးစွဲလိုပါက ရေပိုက်လိုင်း ပြောင်းရွှေ့ဆက်သွယ်ခွင့်။

(ဆ) ရေအားနည်းသဖြင့် မူလခွင့်ပြုထားသည့် ရေပိုက်လိုင်းအားချေးဆေး လိုပါက ရေပိုက် ချေးဆေးခွင့်။

(ဇ ) ရေစုပ်စက်တပ်ဆင်သုံးစွဲလိုပါက ရေစုပ်စက်တပ်ဆင်ခွင့်။









# စက်ရုံနှင့်မော်တော်ယာဉ်ဌာန

၁။ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ (၁) ယန္တရားဌာနခွဲ၊ (၂) အုပ်ချုပ်မှု ဌာနခွဲ၊ (၃) မော်တော်ယာဉ်ဌာနခွဲများဖြင့် ကော်မတီ၏လုပ်ငန်းရပ်များ အကောင်အထည်ဖော်ရန် သယ်ယူပို့ဆောင်ရေးယာဉ်နှင့် စက်ယန္တရားများ ထောက်ပံ့မှုအတွက် အောက်ပါလုပ်ငန်း များကိုဆောင်ရွက်ပါသည်-

(က) အမှိုက်သိမ်းကား၊ မိလ္လာကား၊ရေကားများအတွက်ဆောင်ရွက်ပေး ခြင်း။

(ခ ) အင်ဂျင်နီယာလုပ်ငန်းများနှင့် အုပ်ချုပ်မှုကိစ္စရပ်များတွင်လိုအပ်သော သယ်ယူပို့ဆောင်ရေး ယာဉ်များ၊ လုပ်ငန်းသုံးစက်ယန္တရားများ အ တွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဂ ) ယာဉ်အပိုပစ္စည်းများ မှာယူဖြည့်တင်းခြင်း၊ ယာဉ်များအစရှိသည်တို့ ကို ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းခြင်း။

(ဃ) စက်ဆီ၊ ချောဆီများကို စနစ်တကျမှာယူဖြည့်တင်းခြင်း၊ထိန်းသိမ်း ခြင်း၊ ထုတ်ပေးခြင်း။

(င ) လမ်းတံတားဌာနနှင့် ပူးပေါင်း၍ရေဆိုးမြောင်းများတူးဖော်ခြင်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ သံဘောင်တံတားများတည်ဆောက် ပြုပြင်ခြင်း။

(စ ) ကော်မတီပိုင် ယာဉ်စက်/ယန္တရားများအား က.ည.န ဆိုင်ရာယာဉ် လိုင်စင်မှတ်ပုံတင် လုပ်ငန်းဆောင်ရွက်ခြင်း။

၂။ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ဂါလံ(၁၂၀၀)ဆန့်ကား(၁၀)စီး၊ ဂါလံ (၄၀၀) ဆန့်ကား(၂၂)စီးတို့ဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းအပြင် မြို့နယ်များမှ မိလ္လာကန် စုပ်ယူခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ စုပ်ယူပြီးသောမိလ္လာများကို သန် လျက်စွန်းရေဆိုးသန့်စင်စက်ရုံသို့ ပို့ဆောင်ရပါသည်။ဖုံးနံပါတ်(၂၀၁၅၅၃)သို့ ဆက် သွယ်ဆောင်ရွက်နိုင်ပါသည်။






# ဗဟိုပစ္စည်းထိန်းဌာန

ဗဟိုပစ္စည်းထိန်းဌာနသည် ကော်မတီ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ပစ္စည်းများကို ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးပေးရသော ဌာနဖြစ်ပါသည်။ **ဘ**ဏ်ဂျက်နှင့်ငွေစာရင်းဌာနသည် ကော်မတီ၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ ဗဟိုပစ္စည်းထိန်းဌာနသည်လည်း ငွေကြေးနှင့်တူသော ပစ္စည်းများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ခံ၊ သိုလှောင်၊ ဖြန့်ဖြူး ပေးရသောဌာန ဖြစ်ပါသည်။

- ဌာနအသီးသီးမှ တောင်းခံလာသော ပစ္စည်းများအားစီစစ်ထုတ်ပေးခြင်း။ လိုအပ်ပါက မှာယူဖြည့်တင်းခြင်း။
- ဌာနအသီးသီးမှ တစ်နှစ်ပတ်လုံး အသုံးပြုမည့် ပစ္စည်းစာရင်း (ခန့်မှန်းခြေ)ကို ပြုစုမှာယူဖြည့်တင်းခြင်း။
- ပစ္စည်းများအား လယ်ဂျာ၊ ကတ်ပြားစသည်တို့ဖြင့်စနစ်တကျထား၍(၁) လတစ်ကြိမ် စစ်ဆေးဆောင်ရွက်ခြင်း။
- ဂိုဒေါင်များရှိ ပစ္စည်းများကို ထားသိုမှုဆိုင်ရာ နည်းစနစ်နှင့်အညီထားရှိဆောင်ရွက်ခြင်း။



# ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန

မြို့တော်တခွင် စိမ်းလန်းသာယာစိုပြည်ရေးအတွက် ဆောင်ရွက်မှုများမှာ–

၁။ မြို့တော်အတွင်း စည်ပင်သာယာပိုင်ပန်းခြံများ၊ ဥယျာဉ်များအား ပြုစုထိန်းသိမ်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်း။

၂။ ရှုခင်းသာပန်းခြံကြီးများနှင့် ရေကန်ကြီးများအား ပြုပြင်ထိန်းသိမ်း၍ အမြဲတမ်း သာယာ လှပနေစေရန် ကြီးကြပ်မွမ်းမံ ဆောင်ရွက်ပေးခြင်း။

၃။ စည်ပင်သာယာပိုင်ပန်းခြံများ၊ ဥယျာဉ်များ အသီးသီးတွင် ရှုချင်စဖွယ် ပန်းအလှများ၊ ရာသီပန်းများ စိုက်ပျိုးပေးခြင်း။

၄။ ရာသီအလိုက်သစ်ပင်ပန်းပင်များကို ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် မျိုးပွားပေးခြင်း။

၅။ မြို့တော်အတွင်း ရှုခင်းနေရာများ ဖန်တီးပေးခြင်း၊ လိုအပ်သည့်နေရာများတွင် မြက်ခင်းများ၊ လမ်းလယ်ပန်းခုံများ၊ ပန်းအလှများ ပြုစု ပျိုးထောင်စိုက်ပျိုး၊ မွမ်းမံထိန်းသိမ်းပေးခြင်း။

၆။ အန္တရာယ်ဖြစ်စေမည့် သစ်ပင်အိုများနှင့် သစ်ကိုင်းသစ်ခက်များ ခုတ်လှဲဖယ်ရှားပေးခြင်း၊ လိုအပ်သည့်နေရာများတွင် ဖြည့်စွက်စိုက်ပျိုး ပေးခြင်း။

၇။ လမ်းဆုံ၊ လမ်းလယ်ကျွန်းနှင့် အဝိုင်းများတွင် စိမ်းလမ်းစိုပြည်သော သစ်ပင်များ၊ မြက်ပင်များ၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း။



ဥယျာဉ်များ

၁။ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ ဥယျာဉ်
၂။ ရှုခင်းသာအပန်းဖြေဥယျာဉ်
၃။ မြကျွန်းသာအပန်းဖြေဥယျာဉ်

**ပန်းခြံများ**

၁။ အရှေ့ပိုင်းခရိုင်တွင် (၁၄)ခု
၂။ အနောက်ပိုင်းခရိုင်တွင် (၁၈)ခု
၃။ တောင်ပိုင်းခရိုင်တွင် (၁၃)ခု
၄။ မြောက်ပိုင်းခရိုင်တွင် (၁၂)ခု
စုစုပေါင်း (၅၇)ခု

**ကစားကွင်းများ**

၁။ အရှေ့ပိုင်းခရိုင်တွင် (၃၃)ကွင်း
၂။ အနောက်ပိုင်းခရိုင်တွင် (၁၁)ကွင်း
၃။ တောင်ပိုင်းခရိုင်တွင် (၁၇)ကွင်း
၄။ မြောက်ပိုင်းခရိုင်တွင် (၂၄)ကွင်း
စုစုပေါင်း (၈၅)ကွင်း





**မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း**

၂၀၁၂ခု ဇွန်လ (၁)ရက်နေ့မှ ဇူလိုင် (၃၁)ရက်နေ့အထိ မိုးရာသီသစ်ပင်စိုက်ပျိုးရေးကာ လသတ်မှတ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်။

| စဉ် | နေရာ | အရိပ်ရပင် | ပန်းအလှပင် | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အရှေ့ပိုင်းခရိုင် | ၈၈၁၇၂ | ၆၉၆၅ | ၉၅၁၃၇ |
| ၂။ | အနောက်ပိုင်းခရိုင် | ၈၂၈ | ၇၅၄ | ၁၅၈၂ |
| ၃။ | တောင်ပိုင်းခရိုင် | ၁၄၄၆ | ၃၄၉ | ၁၇၉၅ |
| ၄။ | မြောက်ပိုင်းခရိုင် | ၅၇၇၃၂ | ၇၉၃၇ | ၆၅၆၆၉ |
| ၅။ | ရှုခင်းသာဥယျာဉ် | ၈၉၈ | ၃၆၀ | ၁၂၅၈ |
| ၆။ | လှော်ကား (ကျွန်း) | ၁၀၀၀၀၀ | – | ၁၀၀၀၀၀ |
| ၇။ | လှော်ကား (ထန်း) | ၅၀၀၀၀ | – | ၅၀၀၀၀ |
| ၈။ | လှော်ကား (အခြား) | ၅၀၀၀၀ | – | ၅၀၀၀ |
| | | ၃၄၉၀၇၆ | ၁၆၃၆၃ | ၃၆၅၄၁၁ |





## ကျန်းမာရေးဌာန

၁။ စည်ပင်သာယာနယ်နိမိတ်အတွင်း ကူးစက်ရောဂါများဖြစ်ပွားမှု ရှိ/ မရှိ အမြဲတမ်း စုံစမ်းပြီး နှိမ်နင်းခြင်း၊ ကာကွယ်ခြင်း။

၂။ အစားအသောက်ဆိုင်များ သန့်ရှင်းမှု ရှိ/မရှိ ပေးဝေနေသောရေများ သန့်ရှင်းမှု ရှိ/မရှိ၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းမှုများ သန့်ရှင်းမှု ရှိ/ မရှိ စသည်တို့ကို စစ်ဆေးခြင်း။

၃။ ကြွက်၊ ခြင်၊ ယင် နှိမ်နင်းရေးကိစ္စ၊ သုသာန်လုပ်ငန်းများ စသည်တို့တွင် ပါဝင် ဆောင်ရွက်ခြင်း။

၄။ တောင်းရမ်းစားသောက်သူများ၊ အနာကြီးရောဂါသည်များ၊ လေလွင့်နေသူများ နှိမ်နင်းရေးကိစ္စတွင် ပါဝင်ကူညီခြင်း။

၅။ မိမိဌာနအတွက် လိုအပ်မည့် ဆေးဖြန်းကိရိယာများ၊ ဆေးဝါးများ၊ အထောက်အကူ ပစ္စည်းများ၊ ဓာတ်ခွဲခန်းများကို စီစဉ်ဆောင်ရွက် ထားရှိခြင်း။

၆။ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခါအားလျော်စွာ ညှိနှိုင်းပြီး ဖွားသေစာရင်းများ စုဆောင်းခြင်း၊ လူဦးရေစာရင်းပြုစုခြင်း။

၇။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပါသည်–

(က) ကူးစက်ရောဂါကာကွယ်နှိမ်နင်းခြင်း။ ကူးစက်ရောဂါ ဖြစ်ပွားမှုရှိ မရှိ ထောက်လှမ်းစုံစမ်းခြင်း၊ ကြို တင်ကာကွယ်ခြင်း၊ သတင်းပို့ခြင်း၊ နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။

ဥပမာ– သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပြည်သူလူထုလှုပ်ရှားမှုကို မြို့တော်ဝန်နှင့် ကော်မတီဝင်များ ဦးဆောင်၍ ကျန်းမာရေးဌာနမှူးနှင့်အဖွဲ့က တစ်လလျှင် (၄) ကြိမ်၊ တစ်ကြိမ်လျှင် မြို့နယ်(၇)မြို့နယ်တွင် တစ်ပြိုင်နက်တည်းကျင်းပဆောင်ရွက်ပါသည်။ ဆေးမှုတ်၊ ဆေးဖျန်း



ဆေးမှုတ်၊ ဆေးဖျန်းဆောင်ရွက်ခြင်း၊ ခြင်ထောင် စိမ်ဆေးရည်ထုပ်များ ဖြန့်ဝေခြင်း၊ Abate ဆေးခပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ကြပါသည်။

(ခ ) ထို့အပြင် ခြင်၊ ယင်၊ ကြွက်နှိမ်နင်းရေးလုပ်ငန်းများ၊ ကြွက်စာခဲများချခြင်း၊ ဆေးမှုတ်၊ ဆေးဖျန်းခြင်းတို့ကိုလည်း ဆောင်ရွက်ပါသည်။

### ၈။ စားသောက်ဆိုင်များစစ်ဆေးခြင်း–

(က) စားသောက်ဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချမှုရှိ၊ မရှိစစ်ဆေးပြီး၊ စားသုံးရန်သင့်လျော်သော အစားအသောက် ရောင်းချမှု ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်အသစ်နှင့် နှစ်လဲလုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန်ထောက်ခံချက်ပေးခြင်း၊ ဝန်ဆောင်မှုကောက်ခံ၍ ကော်မတီသို့ ပေးသွင်းခြင်းများဆောင်ရွက်ပါသည်။

(ခ ) ရန်ကုန်မြို့တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ မုန့်ဈေး ဆိုင်များကို စစ်ဆေးပြီးဘေးအန္တရာယ်ကင်း၍ စားသုံးရန်သင့်လျော်သော မုန့်ဈေးဆိုင်များရှိသည့် ကျောင်းများကို မြို့တော်ဝန်က နှစ်စဉ်ဆုချီးမြှင့်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

### ၉။ ဘေးအန္တရာယ်ဖြစ်စေတတ်သောလုပ်ငန်းများစစ်ဆေးခြင်း

ဘေးအန္တရာယ်ဖြစ်စေတတ်သော လုပ်ငန်းများအား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းနှင့် ဝန်ဆောင်မှုကောက်ခံ၍ ကော်မတီသို့ ပေးသွင်းပါသည်။

၁၀။ **ဈေးများစစ်ဆေးခြင်း**

(က) ဈေးများတွင် ရောင်းချနေသော သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ လတ်ဆက်မှုရှိ၊ မရှိနှင့် ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးကို စစ်ဆေးခြင်း။

(ခ ) စားသောက်ကုန်တွင် ခွင့်မပြုသော ဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိကို ဈေးများဌာန၊ အခွန်ဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာနတို့နှင့် ပူးပေါင်း၍ စစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဂ ) စားသောက်ကုန်ပစ္စည်းများ ရက်လွန်(Expired Date)ရောင်းချမှုရှိ၊ မရှိအဖွဲ့လိုက် ကိုယ်ပိုင်ဈေး(Super Market)များတွင် ဝင်ရောက်စစ်ဆေးဆောင်ရွက်ခြင်း။

(ဃ) ဈေးများတွင် ရောင်းချနေသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှုစစ်ဆေးခြင်း၊ နိုင်ငံခြားဆေးဝါးများ၊ ပြည်တွင်းဖြစ် ဆေးဝါးများ ရက်လွန်ရောင်းချမှုရှိ၊ မရှိကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ **ဓါတ်ခွဲစစ်ဆေးသည့် လုပ်ငန်းများ**

(က) စားသောက်ဆိုင်များတွင် အစားအသောက်ကိုင်တွယ်ချက် ပြုတ်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရောဂါပိုးသယ်ဆောင်မှုရှိ၊မရှိ နှာတို့ရည်နမူနာယူ၍ ဓါတ်ခွဲစစ်ဆေးခြင်း။

(ခ ) ပေးဝေဖြန့်ဖြူးနေသော သောက်သုံးရေများ၊ စားသောက်ဆိုင်များတွင် သုံးစွဲသောရေများ၊ သောက်ရေသန့်စက်ရုံများမှ ထုတ်လုပ်သော ရေသန့်များသန့်ရှင်းမှုရှိ၊မရှိ ဓါတ်ခွဲစစ်ဆေးခြင်း။



(ဂ ) လုပ်ငန်းလိုင်စင်လျှောက်ထားသော စားသောက်ဆိုင်များမှ အစားအသောက်များ ဓါတ်ခွဲစစ်ဆေးခြင်း၊ အနေးယာဉ်လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာလသားရောဂါ ရှိ၊မရှိ ဓါတ်ခွဲစစ်ဆေးခြင်း။

(ဃ) အနေးယာဉ်လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာလသား ရောဂါရှိ၊မရှိ ဓါတ်ခွဲစစ်ဆေးခြင်း၊ ခဲဆိပ်သင့်လူနာများအတွက် ခဲလုပ်ငန်းများတွင်ရှိသော အလုပ်သမားများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆီးစစ်ခြင်း၊ ဆေးကုသရန် ညွှန်ကြားမှုပေးခြင်းကို လုပ်ဆောင်ပါသည်။

၁၂။ ကျန်းမာရေးပညာပေးခြင်းနှင့် သင်တန်းများဖွင့်လှစ်ခြင်း

(က) ပြည်သူလူထုအား ကျန်းမာရေးပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန် သင့်လျော်သော အစား အသောက်ရရှိရေးနှင့် ပတ်သက်၍ စားသောက်ဆိုင်ပိုင်ရှင်နှင့် မန်နေဂျာများအား တစ်နှစ်လျှင်သုံးကြိမ် သင်တန်းများပို့ချခြင်း။

(ခ ) တိုးတက်မြင့်မားလျက်ရှိသော ကျန်းမာရေးဆိုင်ရာ ပညာရပ်များကို သိရှိနိုင်ရန် ဝန်ထမ်းများ အရည်အချင်းမြင့်မားစေရန် သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်း

(က) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ အိမ်ရာစခန်းများတွင် နေထိုင်ကြသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုတို့၏ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။

(ခ ) ဝန်ထမ်းအိမ်ရာစခန်းရှိ မူကြိုနေ့ကလေးထိန်းကျောင်းများမှ ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။

(ဂ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ အင်ဂျင်နီယာဌာန(လမ်းတံတား)တို့အား ညွှန်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

၁၄။ **ပွဲတော်အခမ်းအနားများ**

(က) ပွဲတော်အခမ်းအနားများတွင် ကျွေးမွေးသောအစားအစာများ၊ ရေများ၊ နမူနာယူ၍ ဓါတ်ခွဲစစ်ဆေးပေးပါသည်။

(ခ) နိုင်ငံတော်မှ ကျင်းပသည့်အခမ်းအနားနှင့် ပွဲတော်များတွင် ပတ်ဝန်းကျင်ထိန်းသန့်ရှင်းရေးလုပ်ငန်းများ၊ ဆေးမှုတ်၊ ဆေးဖျန်းဆောင်ရွက်ခြင်း၊ အခမဲ့ဆေးခန်းများဖွင့်လှစ်ကုသခြင်း။

(ဂ) အစားအသောက်နမူနာယူ၍ ဓါတ်ခွဲစစ်ဆေးပေးခြင်းတို့ကိုပြုလုပ်ပါသည်။

ဥပမာ– လွှတ်လပ်ရေးပွဲ၊ မျက်မမြင်လမ်းလျှောက်တုတ်နေ့၊ အနုပညာရှင်သက်ကြီးပူဇော်ပွဲ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြုလုပ်သောပွဲတော်နှင့် အခမ်းအနားများ၊စီမံရေးရာဌာနမှ ဖွင့်လှစ်သော သင်တန်းများ၊ သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲများ။

၁၅။ **လွတ်လပ်ရေးနေ့ကလေးပြိုင်ပွဲကျင်းပခြင်း**

နှစ်စဉ် လွတ်လပ်ရေးနေ့တွင် တစ်နှစ်ခွဲအောက်ကလေးများ အုပ်စု(၃)စုခွဲ၍ ပြိုင်ပွဲပြုလုပ်ခြင်း၊ လွတ်လပ်ရေးမောင်မယ်ကလေးများ ဆုချီးမြှင့်ခြင်းတို့ ဆောင်ရွက်ပါသည်။

၁၆။ **ရုံးလုပ်ငန်းများ**

(က) ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းဇယားများစု ဆောင်းခြင်း၊

(ခ) အစီရင်ခံတင်ပြခြင်း၊ ဌာန၏ရသုံးမှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများရေးဆွဲတင်ပြခြင်း၊ ဌာနရှိဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စများကို စီမံခန့်ခွဲဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။



**၁၇။ အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများတွင် စည်ပင်သာယာနယ်နိမိတ်အတွင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အစားအသောက်ထုတ်လုပ်သောစက်ရုံများကို စစ်ဆေးကြည့်ရှုပြီး အစားအသောက်ထုတ်လုပ်ခွင့်ပြုခြင်းတို့ဆောင်ရွက်ပါသည်။ အလှကုန်ပစ္စည်းများသည် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိကို နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စစ်ဆေးအရေးယူဆောင်ရွက်ခြင်း။

၁၈။ ကျောင်းတွင်းစားသောက်ဆိုင်များ စစ်ဆေး၍ နှစ်စဉ်ကျောင်း ၃၂ ကျောင်းကို ဘေးအန္တရာယ်ကင်းရှင်း၍ စားသုံးရန်သင့်လျော်သော အစားအ သောက်များရရှိသော ကျောင်းများအဖြစ် မြို့တော်ဝန်မှ ဆုချီးမြှင့်ခြင်းကို ဆောင်ရွက်ပါသည်။

၁၉။ ခြင်ထောင်စိမ်ဆေးရည်ထုပ်များ အိမ်ရာစခန်းများတွင် အခမဲ့ဝေငှပေးခြင်း။

၂၀။ စိုက်ပျိုးရေးနှင့် ပိုးသတ်ဆေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ပူးပေါင်း၍ ပိုးသတ်ဆေးစက်ရုံများ၊ ခြင်ဆေးခွေစက်ရုံများ စစ်ဆေး၍ မှတ်ပုံတင်ထုတ်ခွင့်ပြုခြင်း။

## လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန

၁။ မြို့တော် ရေပေးဝေရေးလုပ်ငန်းတွင် အသုံးပြုသော ရေကန်ကြီးများ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ၏ လုံခြုံရေးကို ကွပ်ကဲဆောင်ရွက်ခြင်း။

၂။ ရေကန်ကြီးများ၊ ရေလှောင်ကန်များရှိ ရေများ ညစ်ညမ်းမှုမရှိစေရေး အတွက် ကွပ်ကဲကြပ်မတ်ခြင်း။

၃။ အများပြည်သူအသုံးပြုသော လမ်းများနှင့်ရေမြောင်းများပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးများ၊ ဈေးဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျရှိစေရေးဆောင်ရွက် ခြင်း။

၄။ မြို့တွင်းမြို့နယ်များအတွင်းရှိ စည်းကမ်းမဲ့ရောင်းချနေသော လမ်းဘေးဈေးသည်များအား စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်ခြင်း။

၅။ စည်ပင်သာယာနယ်နိမိတ်အတွင်း အခြေအနေမဲ့တောင်းရမ်း စားသောက်သူများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

၆။ လမ်းပေါ်နေလေလွင့်ကလေးသူငယ်များအား စောင့်ရှောက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၇။ စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းများပေါ်တွင်သွားလာနေသော စိတ်ရောဂါသည်များအား ဆေးကုသနိုင်ရေး ကျန်းမာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။



## မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

၁။ ရန်ကုန်မြို့တော်နေပြည်သူများအတွက် အိမ်ရာလိုအပ်ချက်ဝန်ထမ်းများအတွက် အိမ်ရာလိုအပ်ချက်များကို လေ့လာတင်ပြခြင်း။

၂။ အိမ်ရာစီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြေယာများကို စီစစ်ခွင့်ပြုခြင်း။

၃။ မြို့တော်၏ မြေကွက်၊ မြေရာဇဝင်စာရင်းနှင့် မြို့သစ်များ၏ မြေပုံ၊ မြေရာဇဝင် စသည်တို့ကို အစိုးရမြေ၊ ဥယျာဉ်မြေ၊ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ စသည်ဖြင့် မှတ်ပုံတင်ထားရှိခြင်း။

၄။ မြေတိုင်းရပ်ကွက်မြေပုံများ၊ ထိန်းသိမ်းထားရှိခြင်း။

၅။ မြေငှားစာချုပ်များ၊ လိုင်စင်များနှင့် ပါမစ်များကို ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် ဖျက်သိမ်းခြင်း။

၆။ မြေခွန်မြေခစည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်းနှင့် သက်သာ ခွင့်ပြုခြင်း။ မြို့တော်၏ မြေဧရိယာများကို အမြဲမပြတ် မှန်ကန်အောင် ကြပ်မတ် ဆောင်ရွက်ခြင်း၊ နောက်ထပ်တိုးချဲ့မည့် မြေဧရိယာများကိုလည်း မျက်ခြေမပြတ် မှတ်ပုံတင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခြင်း။

### မြို့ပြဖွံ့ဖြိုးမှုတည်ဆောက်ရေးနှင့်အိမ်ရာစီမံကိန်း

၁။ မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ

၂။ မြို့ပြဖွံ့ဖြိုးမှုတည်ဆောက်ဆောက်ရေးလုပ်ငန်းများ

၃။ အဆင့်မြင့်အိမ်ရာစီမံကိန်းများနှင့် တဲပေါ်မှ တိုက်ပေါ်စီမံကိန်းများဆောင်ရွက်ရာ တွင် မြေနေရာစိစစ်ရွေးချယ်ပေးခြင်း။

၄။ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ပွဲရုံများ တည်ဆောက်ရာတွင် မြေနေရာစိစစ်ရွေးချယ်ပေးခြင်း။

၅။ ပန်းဥယျာဉ်နှင့်အားကစားကွင်းများ တည်ဆောက်ရာတွင် မြေနေရာစိစစ်ရွေးချယ်ပေးခြင်း။

၆။ ကော်မတီပိုင်ဝန်ထမ်းအိမ်ယာများ တည်ဆောက်ရာတွင် မြေနေရာစိစစ်ရွေးချယ်ပေးခြင်း။

၇။ အဆင့်မြင့်ဈေးတည်ဆောက်ရာတွင် မြေနေရာစိစစ်ရွေးချယ်ပေးခြင်း။

## ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန

ဤဌာနမှ-

(၁) ကော်မတီမှ ဆောင်ရွက်သည့် စည်ပင်သာယာရေး ဆောင်ရွက်ချက်လုပ်ငန်းများ၊ ကုန်စည်စီးဆင်းမှု သတင်းများနှင့် စီးပွားရေးလုပ်ငန်းများကိုအများပြည်သူ သိရှိနိုင်စေရန် သတင်းစာနှင့် မဂ္ဂဇင်းများ ထုတ်ဝေခြင်း။

(၂) ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(၃) ဖျော်ဖြေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(၄) အများပြည်သူသိရှိရန် သတိပေးနှိုးဆော်ချက်များ၊ ပညာပေးဓာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဌာနအနေဖြင့်-

- ပြန်ကြားရေးဌာနခွဲ
- ပြည်သူ့ဆက်ဆံရေးဌာနခွဲ
- မြို့တော်သတင်းစာတိုက်
- City FM မြို့တော်အသံလွှင့်ဌာန
- E-Government
- မြို့တော်ပုံနှိပ်တိုက်
- မြို့တော်မဂ္ဂဇင်း
- အကဂီတဌာနခွဲ






ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ လှုပ်ရှားမှုသတင်းများကိုပြည့်စုံစွာပါဝင်စေလျက် နေ့စဉ်ပျမ်းမျှ စောင်ရေ(၃၇၁၅) စောင်နှုန်းဖြင့် ဖြန့်ဝေလျက်ရှိပါသည်။

စတင်ထုတ်ဝေစဉ်က ညနေပိုင်းသတင်းစာ ဖြစ်ပါသည်။

မြို့တော်သတင်းစာကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စ၍ ညနေပိုင်း သတင်းစာမှ နံနက်ပိုင်းသတင်းစာ အဖြစ် ပြောင်းလဲ ထုတ်ဝေလျှက်ရှိပါသည်။ စတင်ထုတ်ဝေစဉ်က စာမျက်နှာ(၈)မျက်နှာသာ ပါရှိပြီး ၁၅-၁၀-၂၀၁၁ နေ့မှ စ၍ (၁၆)မျက်နှာ (One Colour) ထုတ်ဝေနိုင်ခဲ့ပါသည်။

မြို့တော်သတင်းစာ တစ်စောင်လျှင် ၄၀/-နှုန်း ဖြင့် ဖြန့်ဝေပေးလျက် ရှိပါသည်။ မြို့တော်သတင်းစာကို အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ထိ နေ့စဉ် ထုတ်ဝေပြီး တနင်္ဂနွေ နေ့ နှင့် အစိုးရရုံးပိတ်ရက်များတွင် ထုတ်ဝေခြင်း မပြု**ဘဲ** ရပ်နားပါသည်။

မြို့တော်သတင်းစာကို နိုင်ငံတော်၏ စာပေနှင့် စာနယ်ဇင်း ဆိုင်ရာ မူဝါဒများနှင့်အညီ ထုတ်ဝေလျက် ရှိပါသည်။

## မြို့တော်မဂ္ဂဇင်းထုတ်ဝေခြင်း




ဌာန၏လစဉ်ထုတ်မဂ္ဂဇင်းတစ်ခုဖြစ်ပါသည်။ (၁၉၈၉)ခုနှစ် ဧပြီလမှ စတင်၍ ထုတ်ဝေခဲ့ပြီးယခုအခါ မဂ္ဂဇင်းအမှတ်(၂၂၄)အထိ ထုတ်ဝေပြီးဖြစ်ပါသည်။ မဂ္ဂဇင်းတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်း၊ အနုပညာသတင်းများ၊ ဘာသာပြန်စသည်ဖြင့် ဝေဝေဆာဆာပါဝင်စေလျက် လစဉ် အုပ်ရေ (၂၂၀၀) ပုံနှိပ်ထုတ်ဝေလျက်ရှိ ပါသည်။

# City FM




City FM Radio **အစီအစဉ်ကိုထုတ်လွှင့်ရာ တွင် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ သတိပေးနှိုးဆော်ချက်များ၊ ကြေညာချက်များ၊ စီးပွားရေး လုပ်ငန်းများ၊ ကြေညာချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ နှိုးဆော်ချက်များ၊ စီးပွားရေး လုပ်ငန်းကြော်ငြာစာများ၊ ခေတ်ပေါ်နှင့် ဂန္ထဝင်တေးသီချင်းများ၊ အင်တာဗျူးများနှင့် အခြားသုတရသ ဖျော်ဖြေရေး အစီအစဉ်များကို ထုတ်လွှင့် လျက်ရှိပါသည်။**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ရန်ကုန်တိုင်းဒေသကြီး အစိုး ရ၏ ဝန်ကြီးဌာနတစ်ခုအဖြစ် ပြောင်းလဲ သတ်မှတ်လိုက်သဖြင့် မြို့တော်အသံလွှင့်လုပ်ငန်းကိုလည်း ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်(၄၅) မြို့နယ်အထိ ကျယ်ပြန့်ထိရောက်စွာ ရောက်ရှိစေရန်အတွက် ပြုပြင်တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။**



## Myanmar Convention Centre

Myanmar Convention Center (MCC) တွင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲများ၊ ဖျော်ဖြေရေးစင်တင်တေးဂီတပွဲများ၊ ကုမ္ပဏီ မိတ်ဆုံစားပွဲများ နှစ်ပတ် လည်ပွဲများနှင့် ပွဲများကိုကျင်းပရန် ပွဲများကို ငှားရမ်း အသုံးပြုခွင့်ပေးခြင်းကို လုပ်ဆောင် လျက်ရှိပါသည်။

**လူဦးရေဝင်ဆန့်မှုဦးရေ**

| | | |
|---|---|---|
| (က) | Main | ၃၅၀၀ ဦး |
| (ခ) | Balcony Hall | ၅၀၀ ဦး |
| (ဂ) | VIP Rest Room | ၅၀ ဦး |
| (ဃ) | Refreshment Room | ၁၀၀ ဦး |
| (င) | Meeting Hall | တစ်ခန်းလျှင် ၂၀၀ ဦးဖြင့် (၂)ခန်း |
| (စ) | Room | တစ်ခန်းလျှင် (၇၅)ဦးဖြင့်(၂)ခန်း |

တယ်လီဖုန်းနံပါတ် – ၀၁ ၆၆၅၂၉၇

ဆက်သွယ်ရမည့်ဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန

**ဝန်ဆောင်မှု**

(က) အစည်းအဝေးခန်းများအတွက် သီးခြားလေအေးပေးစက်များ တပ်ဆင်ထားပြီး Main Hall အတွက် Central Aicon တပ်ဆင်ထားပါသည်။

(ခ) Main Hall တွင် နံရံကပ်မီးချောင်းများ မျက်နှာကျက်မီးလုံးများ၊ မီးဆိုင်းများအပြင် အလယ်ဗဟိုတွင် မီးဆိုင်းကြီးအား တပ်ဆင်ထားပါသည်။

(ဂ ) အခန်းတိုင်းတွင် မျက်နှာကျက်မီးလုံးများတပ်ဆင်ထားပါသည်။

(ဃ) အဆောက်အဦးအတွင်း အမျိုးသားသန့်စင်ခန်း(၂၆)ခန်း၊ အမျိုးသမီး သန့်စင်ခန်း(၂၉)ခန်း ရှိပါသည်။ ခန်းမပြင်ပတွင် အမျိုးသားသန့်စင်ခန်း (၁၀) ခန်း၊ အမျိုးသမီးသန့်စင်ခန်း(၁၀)ခန်း ရှိပါသည်။

(င ) MCC ဝန်းအတွင်း Restaurant ဆိုင်တစ်ဆိုင်ရှိပါသည်။

(စ ) MCC ခန်းမအတွက် ၈၀၀ KVA သီးသန့်မီးစက်တစ်လုံးအရံထားပါသည်။

(ဆ) ဧည့်ခံပွဲများအတွက် လူ(၁၀၀၀)ယောက်ကျွေးမွေးဧည့်ခံနိုင်ရန် လိုအပ်သောပစ္စည်းများ ပြည့်စုံစွာထားရှိပါသည်။

## YCDC Website
## E-Government

www.yangoncity.com.mm မှ ကော်မတီ၏ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုနှင့်စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာ ကြည့်ရှုနိုင်ရန် တင်ထားပေးပါသည်။

ycdc.imis.com.mm software ကို အသုံးပြု၍ မြို့တော်ခန်းမနှင့်အနီးဝန်းကျင် ဌာန(၁၂)ခုကို Local Area Network ချိတ်ဆက်၍ e-Government လုပ်ငန်းများ ဆောင်ရွက်ရန် အသင့်ပြင်ဆင်ထားပါသည်။

**အကဂီတဌာနခွဲ**

ပွဲလမ်းသဘင်၊ သကြ်န်နှင့်ဌာနဆိုင်ရာမှ အက၊ ဂီတ၊ မင်္ဂလာစည်တော်များကို ဌားရမ်းပါက ဖျော်ဖြေပေးပါသည်။



**နိဂုံး**

ရန်ကုန်မြို့နေ ပြည်သူများ၏ သာယာချမ်းမြေ့ပျော်ရွှင်စေရန်အတွက် လူမှုကိစ္စအဝဝကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။